ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (1-3-2007) (၅၂၄၈)

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ ဖြစ်တော်မူကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့ဦးစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘာန၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ် စတုဘုမ္မိကမဂ္ဂင်ရိပ်သာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကာဇီဝ၊ ရန်ကုန်တိုင်း တိုက်ကြီးမြို့ သဒ္ဓမ္မပြည်ဇောတိကာရုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဝံသနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀



ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

"ယနေ့ တပ်မတော်အစိုးရကလည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်နှစ်စဉ် ဤတပေါင်းလထဲ၌ နိုင်ငံ့အကြီးအကဲများက ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဖြင့် သဟတ္ထိကဒါနမြောက်အောင် ဆက်ကပ်ပူဇော်လှူဒါန်းလျက်ရှိပါသည်။"

သုခမိန်မှူး (ရတနာစည်၊ လှိုင်လင်)၏ **"ဂုဏ်ပေါင်းခသည့် တပေါင်းလ"** (ဆောင်းပါး)　　စာမျက်နှာ–၆

တောင်သူလယ်သမားနေ့နှင့် တပ်မတော်နေ့တို့တွင် လှော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန်　　ဖေဖော်ဝါရီ　　၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်သော်လည်း မတ် ၂ရက်(တောင်သူလယ်သမားနေ့)နှင့် မတ် ၂၇ ရက် (တပ်မတော်နေ့)များတွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁-၃-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ကျစ်လျစ်ခိုင်မာသော နိုင်ငံတော်၏ ကာကွယ်ရေးအရန်အင်အားစုကြီးအဖြစ် ရပ်တည်လျက်ရှိသည်။

တပ်မတော်၏ ဦးဆောင်မှုကို စဉ်ဆက်မပြတ်ခံယူပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေး၊ စစ်မှုထမ်းဟောင်းအချင်းချင်းနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်များအား စောင့်ရှောက်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

တပ်မတော်အစိုးရသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းမှုများရရှိစေရန် အလေးထားကြိုးပမ်းခဲ့သည်။ နိုင်ငံတော်၏ မှန်ကန်သော သဘောထား စေတနာနှင့် လက်တွေ့ဖော်ဆောင်နိုင်မှု ရလဒ်များအဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။

နိုင်ငံတော်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လက်တွဲလုပ်ကိုင်လျက်ရှိရာ ငြိမ်းချမ်းရေးရယူခဲ့သည့် ဒေသများသည် နေ့ချင်းညချင်း ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။ ဒေသခံပြည်သူများသည် ယခင်ကမရရှိခဲ့သည့် ငြိမ်းချမ်းမှုနှင့် သာယာချမ်းမြေ့မှုများကို လက်တွေ့ခံစား ရရှိနေကြပြီဖြစ်သည်။

ထို့အပြင် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍစုံတွင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများကို တွေ့မြင်နေရသည်။

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ကာကွယ်ရေး၊ စည်းရုံးရေး၊ စီမံခန့်ခွဲရေးစွမ်းရည်များနှင့် စိတ်ဓာတ်ကောင်း၊ အတွေ့အကြုံကောင်း၊ အစဉ်အလာကောင်းများရှိကြသည်ဖြစ်ရာ တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိ ပါဝင်ဆောင်ရွက်ရင်း နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၌ တက်တက်ကြွကြွ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် သထုံမြို့ ရွှေစာရံဘုရားလမ်းနေ ဦးသိန်းတန်-ဒေါ်ခင်စောမွန်၊ ဒေါ်မြင့်မြင့်ရီ-ဦးသုဝေ၊ ဦးဖုန်းနိုင်-မမီမီဖြိုး-ပြည့်ပြည့်ဖြိုး၊ ဗိုလ်ကြီးညီညီ-မဇာခြည်ဖြိုး၊ မနွေးနန္ဒာဖြိုး-မလင်းလက်ဦး-ဒေါ်သွင်-ဒေါ်စန်းတင် မိသားစုတို့က ငွေကျပ် ၁၇၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မှုလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် ပြည်တော်သာ-အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နွေစပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးပွဲ တက်ရောက်၊ ရန်အောင်မြင် ရေလှောင်တမံမှ ဆည်ရေပေးဝေမှုကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ ရန်အောင်မြင် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၀ နာရီတွင် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ နွေစပါးစုပေါင်းတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးပွဲနှင့် ရန်အောင်မြင် ရေလှောင်တမံမှ စိုက်ပျိုးမြေများသို့ ဆည်ရေရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာရှိ တောင်သူကြီး ဦးစိုးညွန့်အောင်နှင့် တောင်သူ လေးဦးတို့၏ လယ်မြေသို့ရောက်ရှိကြပြီး ရေဆင်းလုံးသွယ် စပါး၂၁ ဧက နွေစပါးစုပေါင်း တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တန်းဆွဲစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်း

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က တောင်သူကြီးများနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးအပြင် ပိုလျှံအောင် စနစ်တကျ စိုက်ပျိုးရန်၊ နိုင်ငံတော်ကလည်း လိုအပ်သည့် စိုက်ပျိုးရေးဓာတ်မြေဩဇာများ အသုံးပြုနိုင်ရန်အတွက် ပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးထားပြီးဖြစ်သော ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းရန်နှင့် ယခင်ကထက် ပိုမို၍ စနစ်တကျ စိုက်ပျိုးရန်၊ ကြက်ဆူပင်မှရရှိသော ဇီဝလောင်စာကို အသုံးပြုပြီး စက်မှုလယ်ယာကဏ္ဍတွင် လယ်ယာသုံး စက်ကိရိယာများကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်း မှာကြားပြီး တောင်သူကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက် ကာလိုအပ်သည်များကို ပေါင်းစပ်ညှိ နှိုင်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အဖွဲ့ဝင်များသည် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တည်ဆောက်ပေးခဲ့သော ရန်အောင်မြင် ရေလှောင်တမံသို့ ရောက်ရှိကြပြီး ရေပိုလွှဲနှင့်ရေလှောင်တမံအားလိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်အား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရန်အောင်မြင် ရေလှောင်တမံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ရန်အောင်မြင်ရေလှောင်တမံကို ရန်အောင်မြင်ချောင်းအနီးတွင် တည်ဆောက်ထားပြီးရေဆင်းဧရိယာမှာ ၁၁စတုရန်းမိုင်ဖြစ်၍ ဆည်ရေသောက် စိုက်ပျိုးမြေ ဧက ၂၅၀၀တို့ကို လက်ဝဲရေထုတ်မြောင်းနှင့် လက်ယာရေထုတ်မြောင်းတို့မှ ရေပေးဝေလျက်ရှိသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည်ရှင်းလင်းဆောင်၌ရန်အောင်မြင်ကျေးရွာအုပ်စု အိုင်ကျယ်ကျေးရွာရှိ တောင်သူဦးကြီးများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်အောင်မြင်ရေလှောင်တမံ၏ လက်ဝဲ/လက်ယာ ရေထုတ်မြောင်းများတစ်လျှောက် ရေပေးဝေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောင်မြေအေးချမ်း ပြည့်ဝချမ်းသာနှီးဘုရား အပူဇော်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ နှီးဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလ ဦးဆောင်မှုဖြင့် ဗိသုကာပညာရှင် ဦးလုံဩ(ခေါ်)ဦးဘသိန်း ရက်လုပ်သော အောင်မြေအေးချမ်း ပြည့်ဝချမ်းသာ နှီးဘုရားကြီးသည် ကလောမြို့မှ ပုသိမ်မြို့ နိဂြောဓလမ်း မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် ကိန်းဝပ်စံပယ် သီတင်းသုံးတော်မူမည်။ ကလောမြို့မှ ပုသိမ်မြို့သို့ ပင့်ဆောင်တော်မူစဉ် ပုသိမ်အသင်း(ရန်ကုန်)မှ ၁၃၆၈ခု တပေါင်းလဆန်း ၉ရက်(ဖေဖော်ဝါရီ ၂၄ ရက်)နေ့မှ တပေါင်းလဆန်း ၁၃ ရက်(ဖေဖော်ဝါရီ ၂၈ ရက်)အထိ ဗဟန်းကြားတောရလမ်း အမှတ်-၂၁/၄၃(စီ) ရွှေတိဂုံဘုရား အရှေ့ဘက်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီးတွင် အပူဇော်ခံပြီးနောက် တပေါင်းလဆန်း ၁၄ ရက်(မတ် ၁ ရက်)တွင် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ပင့်ဆောင်မည်ဖြစ်၍ အသင်းသားများ၊ ဓမ္မမိတ်ဆွေများ လာရောက်ကြည်ညို ဖူးမြော်ပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ ဒုတိယတန်း(က) မှ ဘာသာစုံထူးချွန် ဒုတိယဆုရ မောင်အာကာမင်းဦးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင် ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။

(ပညာရေး)

မလွန်ဆန်လှူ ရေစက်ချတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

(၃၁) ကြိမ်မြောက် ဗဟန်းမြို့နယ်လုံးဆိုင်ရာ မလွန်ဆန်လှူ ရေစက်ချတရားပွဲကို မတ် ၃ ရက်မှ ၉ ရက်အထိ ဆရာစံတောင်(စံပြ)ရပ်ကွက် မဟာမြင့်မိုရ်လမ်းတွင် ကျင်းပမည်ဖြစ်ရာ မတ်၃ ရက်တွင် အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ ၄ ရက်တွင် အရှင်ဩဘာသ (ရွှေမြိုင်ဆရာတော်)၊ ၅ ရက်တွင် အရှင်ခေမိန္ဒ(ဆင်မကန်ကျောင်းတိုက်ဆရာတော်)၊ ၆ ရက်တွင် အရှင်သုန္ဒရ(တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူဝိပဿနာကျောင်းဆရာတော်)၊ ၇ ရက်တွင် အရှင်ဝိမလ (ဓမ္မဒူတ)ဆရာတော်၊ ၈ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်)၊ ၉ ရက်တွင် အရှင်နာဂသေန(မင်းကျီ မိုးကောင်းကျောင်းတိုက် စစ်ကိုင်းဆရာတော်)တို့က ညစဉ် ၈ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

“တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏” ဟူသော ရှေးပညာရှိတို့အဆိုအမိန့်နှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသည့် နိဂုံးချုပ်သြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ပထမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော
သဘာပတိ ဥက္ကဋ္ဌဆရာတော်၏
နိဂုံးချုပ်သြဝါဒကထာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ပြည်နယ်၊တိုင်းအသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ ကြွရောက်တော်မူလာကြသော သာသနာ့ဦးသျှောင် သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘုရားကြီးများ အမှူးရှိသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ သတ္တမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ပထမအစည်းအဝေးတို့ကို သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ် ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း(၁၁၊ ၁၂၊ ၁၃)ရက် (ခရစ်နှစ် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆၊ ၂၇၊ ၂၈)ရက်တို့၌ ကျင်းပ ခဲ့ကြရာ ဤယနေ့ ဤအချိန်အခါတွင် အောင်မြင်ချောမောစွာ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပါပြီဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား–

ဤအစည်းအဝေးကြီးသည် ၂၅ ရာခိုင်နှုန်း အနားယူခြင်း၊ အစားထိုးခြင်းတို့ဖြင့် အသစ်ဖွဲ့စည်းအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့၏ ပထမအစည်းအဝေး ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည် အဖွဲ့သစ်ဖြစ်သည့်အားလျော်စွာ ယခင်ပါဝင်ပြီးဖြစ်သော ဆရာတော်ဘုရားများရော၊ ယခုအသစ်ပါဝင်လာသော ဆရာတော်ဘုရားများပါ ပုဂ္ဂိုလ်သစ်၊ စိတ်သစ်ဖြင့် သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို တက်တက်ကြွကြွ ဆောင်ရွက်တော်မူကြရန် တိုက်တွန်းပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ပါဘုရား။ **“တစ်ယောက်အားနှင့်ယူသော် မရ၊ တစ်သောင်းအားနှင့်ယူသော် ရ၏”** ဟူသော ရှေးပညာရှိတို့၏ အဆိုအမိန့်နှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အချင်းချင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆောင်ရွက်သွားကြမှ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ အဖွဲ့အစည်းဝင်အချင်းချင်းလည်းကောင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်းလည်းကောင်း ညီညီညွတ်ညွတ် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရား–

ဆရာတော် အရှင်မြတ်တို့သည် မိမိတို့၏ဒေသ၌ အရှိန်အဝါသြဇာကြီးမားတော်မူကြသည့် ပါကဋပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။ အရှင်မြတ်တို့၏ နည်းလမ်းညွှန်ပြ သြဝါဒကို အများသံဃာထုက လိုက်နာကြမည်မှာ ဧကန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အရှင်မြတ်တို့သည် ဤအစည်းအဝေးကြီးမှ ပြန်လည်ကြွမြန်း၍ မိမိတို့ဒေသအသီးသီးသို့ ရောက်ရှိတော်မူကြသည့်အခါ ရှေးရှေးသော သာသနာပြုမဟာထေရ်အရှင်မြတ်ကြီးများ၏ ထုံးကိုနှလုံးမူကြလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်သော–

(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်ကိစ္စ။
(၂) ဖွင့်လှစ်ပြီးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တည်တံ့ခိုင်မြဲစေရန်ကိစ္စ။
(၃) ဝိနည်းသိက္ခာပုဒ်များ၌ မကျွမ်းကျင်သည့် ကျောင်းထိုင်ဘုန်းကြီးများအား အချိန်အခါအားလျော်စွာ ရက်တိုသင်တန်းပေးရန်ကိစ္စ။
(၄) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ အရှိန်အဟုန်မပျက်စေမူ၍ တိုးတက်ပြန့်ပွားလာရေးကိစ္စ။
(၅) မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်နှင့် ပြည်နယ်၊တိုင်း ဝိနည်းဓိုရ်ဆရာတော်များ လုပ်ထုံးလုပ်နည်းကျွမ်းကျင်စေရန်ကိစ္စ အစရှိသော သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ပြင်းပြထက်သန်သော ဖွဲ့၊ လုံ့လဖြင့် မဖြစ်မနေ ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းမှာကြားပါသည်ဘုရား။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို အလေးပေးကာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကိုဂရုမထားဘဲ အားခဲကြွရောက်ချီးမြှောက်တော်မူကြသော သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ ဆိုင်ရာဆိုင်ရာ သာသနာ့ကိစ္စအဝဝတို့ကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ အဘက်ဘက်မှ အားပေးချီးမြှောက်ထောက်ပံ့ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ နှစ်ပတ်လည် ဗဟိုဝန်ဆောင်အစည်းအဝေးကြီး ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးကြသည့် သာသနာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပင့်ဆောင်ရေး၊ ကြိုဆိုရေး၊ နေရာချထားရေး၊ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စပြုစုရေး၊ အစည်းအဝေးကြီး၌တင်သွင်းရမည့် စာအုပ်စာတမ်း အစီအစဉ်တင်လွှာ၊ လျှောက်ထားလွှာ စသည်တို့ကိုပြုစုရေး အစရှိသော ကိစ္စပေါင်းမြောက်မြားစွာတို့ကို စေတနာသဒ္ဓါထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြသော သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်တကွ ဥပဋ္ဌာကဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင် ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ကျန်းမာချမ်းသာစွာဖြင့် သာသနာတော်အကျိုး ဆတက်တိုး၍ သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေ။မိမိတို့ပန်ဆင်အပ်သော ဗောဓိဆုမြတ်ဖြင့် သန္တိသုခ အမတစခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေဟု မေတ္တာပွားကာ ပတ္ထနာပြုလျက် တပည့်တော်၏သြဝါဒကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

❀ **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ သြဘာသာဘိဝံသက ဆောင်ရွက်တော်မူသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူပြီး ယနေ့ဖြန့်ဝေ ဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဆက်လက်၍ သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး၏ကိုယ်စား အခမ်းအနားမှူးဆရာတော်က အစားထိုးရွေးချယ်ခံရသည့် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏အမည်စာရင်းကို ဖတ်ကြားတင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ သဘာပတိ ဆရာတော်ကိုယ်စား အခမ်းအနားမှူးဆရာတော်က ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို ဖတ်ကြားတင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက နိဂုံးချုပ်သြဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ်သြဝါဒကထာကို ပူးတွဲဖော်ပြထားပါသည်။)

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက “ဇယန္တော ဗောဓိယာမူလေ”အစချီနှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုလျက် နံနက်ပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ၊ ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ်(၁၇၇)နေ ဦးလှအေးနှင့် ကိုးပါးဆေးမိသားစုက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းသည့်အပြင် ကိုးပါးဆေးမိသားစုမှထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးမျိုးစုံတို့ကိုပါ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်သဘင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာ(၁/၂၀၀၇)အရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပူဇော်ခံရသော ဖျာပုံမြို့ ဓမ္မဝိနယ ပထမပြန်စာသင်တိုက် တိုက်သစ်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဇီဝကာရာမ ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာရမတိနှင့် ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော ဖျာပုံမြို့ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်စန္ဒသီဂီတို့အပြင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် အပူဇော်ခံရရှိတော်မူသော ရန်ကုန်တိုင်း တာမွေမြို့နယ် မာရ်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာအေးရိပ်သာ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်တို့အား ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)နှင့် ဖျာပုံမိသားစုဝင်များမှ စုပေါင်း၍ မတ် ၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ဖျာပုံမြို့နယ် အသင်းတိုက် အမှတ် ၃၀ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၃၉၂၁၇၆ တွင် ဂုဏ်ပူဇော်သဘင်ကျင်းပ၍ ထပ်ဆင့်ပူဇော်မည်ဖြစ်ရာ အသင်းဝင်များ၊ မိသားစုဝင်များ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်အား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသော စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ နာရဒ ဆရာတော်ကြီး အမှူးပြုသော စစ်ကိုင်းတိုင်းမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ၊ မှော်ဘီမြို့နယ်မှ ဘွဲ့ခံဆရာတော်ကြီးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၃ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ကွယ်လွန်သူ ဦးလှဝမ်းနှင့် ဒေါ်ခင်သန်းတို့ လှူဒါန်းခဲ့သော ပြည်မြို့ နေအိမ်အား ရောင်းချရငွေ ကျပ် ၇၅၆ သိန်းကို ကျန်ရစ်သူ တူမ ဒေါ်စန်းစန်းဝင်း(အပိုက်)က ပြည်မြို့ ရွှေဆံတော်စေတီ၊ ပြည်မြို့ ပြည်သူ့ဆေးရုံ၊ ပြည်မြို့ဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် ဦးဝေပုလ္လ(ပဲသီတာကျောင်း၊ သဲကုန်းမြို့)တို့အတွက် ငွေကျပ် ၁၅၁၂၀၀၀၀ စီ ခွဲဝေလှူဒါန်းခဲ့ရာ ပြည်မြို့ ရွှေဆံတော်စေတီသို့ လှူဒါန်းငွေကို ဂေါပကအဖွဲ့က လက်ခံရယူစဉ်။ (က–ပ)

တီယန်ကျင်းမြို့တွင် လာမည့်နှစ် ၃၀ အတွင်း မြေအောက်ရထားလမ်း ကိုးလမ်းဖောက်လုပ်မည်

တီယန်ကျင်း ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းမြို့ကြီး ဖြစ်သော တီယန်ကျင်းမြို့တွင် လာမည့် နှစ် ၃၀ ကာလအတွင်း မြေအောက်ရထားလမ်း ကိုးလမ်းအထိ တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းမြေအောက်ရထား လမ်းအရှည်မှာ စုစုပေါင်း ၂၄၃ ဒသမ ၇ ကီလိုမီတာ ရှိမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တီယန်ကျင်းမြို့တွင် ယခုအခါ မြေအောက်ရထားလမ်း တစ်လမ်းမှာ ခရီးစဉ်ပြေးဆွဲလျက်ရှိသည်။ မြေအောက်ရထားလမ်းနှစ်ခုကိုမူ တည်ဆောက်နေဆဲ ဖြစ်သည်။ နောက်ထပ် မြေအောက်ရထားလမ်းတစ်လမ်းကို ဖောက်လုပ်ရန် စီစဉ်လျက်ရှိသည်။

လာမည့် ငါးနှစ်တာကာလအတွင်း တီယန်ကျင်းမြို့တွင် မြို့သစ်များ တည်ဆောက်မည်ဖြစ်သည်။ မြို့ပြတည်ဆောက်ရေးစီမံကိန်းအရ တီယန်ကျင်းမြို့လယ်တွင် နေထိုင်သူ လူခုနစ်သိန်းခန့်ကို မြို့ဆင်ခြေဖုံးရှိ မြို့သစ်ရှစ်မြို့သို့ ပြောင်းရွှေ့ပေးမည်ဖြစ်သည်။

တီယန်ကျင်းမြို့သည် မြို့တော် ပေကျင်းပြီးလျှင် မြေအောက်ရထား ဒုတိယအများဆုံး အသုံးပြုသည့် မြို့ဖြစ်လာမည်ဖြစ်သည်။ ယင်းမြို့တွင် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ မြေအောက်ရထားလမ်းများကို စတင်ဖောက်လုပ်ခဲ့သည်။

၂၀၀၁ ခုနှစ် နှစ်ကုန်မှစ၍ မြေအောက်ရထားလမ်းသစ်များကို ပြန်လည်ဖောက်လုပ်လာခဲ့သည်။ လာမည့် နှစ်ပေါင်း ၃၀ ကာလအတွင်း မြေအောက်ရထားလမ်း ကိုးလမ်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်များက စီစဉ်လျက်ရှိသည်။

အင်တာနက်။

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ရှိ အီရန်သံရုံးအနီးတွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် အင်ဂျင်နီယာများ ကွန်ပျူတာမဲပေးစနစ် တီထွင်

ဒါကာ ဖေဖော်ဝါရီ ၂၇

ဘင်္ဂလားဒေ့ရှ် လူငယ်အင်ဂျင်နီယာနှစ်ဦးသည် ဒစ်ဂျစ်တယ်စနစ်သုံး ကွန်ပျူတာမဲပေးစနစ်တစ်ရပ်ကို အောင်မြင်တီထွင်ထားပြီဖြစ်ကြောင်း ဘီအက်စ်အက်စ် ဘင်္ဂလားဒေ့ရှ်သတင်းဌာနက ဖေဖော်ဝါရီ ၂၃ရက်က ထုတ်ပြန်ကြေညာသည်။

တီထွင်

ယင်းမဲပေးစနစ်ကို တီထွင်သူနှစ်ဦးမှာ ကွန်ပျူတာပညာရှင် မိုဟာမက်ကန် ရူဇာမန်နှင့် လျှပ်စစ်အင်ဂျင်နီယာ နာဆီယူဒင်ဂျမဲရိုးဖြစ်သည်။ ၎င်းတို့သည် ပြည်တွင်းပစ္စည်းများကို အသုံးပြု၍ တီထွင်ကြခြင်းဖြစ်သည်။

များစွာသက်သာ

အဆိုပါ ဒစ်ဂျစ်တယ်ကိရိယာကို အသုံးပြုခြင်းဖြင့် မဲပေးရာတွင် မသမာမှုများအား ဟန့်တားပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် မဲပေးမှုအတွက် ကုန်ကျရသော စရိတ်ငွေကိုလည်း များစွာသက်သာသွားစေနိုင်သည်ဟု ဆိုသည်။

လွယ်လင့်တကူအသုံးပြုနိုင်

အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေသည့် ဒစ်ဂျစ်တယ်မဲပေးစနစ်နှင့် နှိုင်းယှဉ်ပါက ပိုမို၍ လုံခြုံ စိတ်ချရသည့်အပြင် အသုံးပြုသူများအတွက်လည်း ရှုပ်ရှုပ်ထွေးထွေးမရှိဘဲ လွယ်လင့်တကူ အသုံးပြုနိုင်သော ကိရိယာမျိုးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကက်ရှ်မီးယားတွင် မြေပြို ၁၃ဦးထက်မနည်း သေဆုံး

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၇

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်သော ကက်ရှ်မီးယားဒေသတွင် စနေနေ့က မြေပြိုမှုဖြစ်ပွားရာ ခရီးသည်တင် ကားတစ်စီး မြေအောက်သို့ ရောက်ရှိသွားပြီး ၁၃ဦးထက်မနည်း သေဆုံးကြောင်း၊ ငါးဦးဒဏ်ရာရရှိကြောင်း အေပီပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မြို့တော် အစ္စလမ္မာဘတ် အရှေ့မြောက် ဘက် ကီလိုမီတာ ၆၀ခန့်အကွာ ရာဝါလာကော့မြို့အနီးရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားခဲ့သည်။ မိုးရွာသွန်းမှုကြောင့် မြေပျော့ကာ မြေပြိုကျခြင်းဖြစ်သည်။

စေတနာ့ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေး လုပ်ဆောင်ပေးခဲ့ကြသည်။ ပါကစ္စတန်မြောက်ပိုင်း တောတောင်ထူထပ်သည့် နေရာဒေသများတွင် မြေပြိုကျလေ့ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဖေဖော်ဝါရီ ၂၆ရက်က စင်ကာပူတွင် ပြုလုပ်သည့် အရောင်းမြှင့်တင်ရေး အခမ်းအနားတွင် မိုတိုရိုလာကုမ္ပဏီ၏ တေးဂီတနားဆင်နိုင်သော မိုဘိုင်းလ်ဖုန်းသစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာနီဗယ်ပွဲတော်ကာလ ယာဉ်တိုက်မှု များပြား ၁၄၅ဦးသေဆုံး

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၇

ဘရာဇီးနိုင်ငံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကာနီဗယ်ပွဲတော်တွင် ယာဉ်တိုက်မှုများ ဖြစ်ပွားရာ ခြောက်ရက်အတွင်း၌ သေဆုံးသူ ၁၄၅ဦးရှိကြောင်း၊ ယမန်နှစ်ကာလနှင့် နှိုင်းယှဉ်လျှင် သေဆုံးသူဦးရေသည် ၁၅ ရာခိုင်နှုန်း တိုးလာကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် ယာဉ်တိုက်မှု စုစုပေါင်း ၂၄၁၇ မှုရှိပြီး ၂၀၀၆ ခုနှစ်ကထက် ၈ ရာခိုင်နှုန်းပိုမိုလာသည်။ ဒဏ်ရာရရှိသူ ၁၃ ရာခိုင်နှုန်းများပြားလာပြီး ၁၅၈၇ ဦးရှိကြောင်း ရဲဌာနက ပြောကြားသည်။

မိနက်စ်ဂျီရစ်ပြည်နယ်တွင် ကုန်တင်ကားနှင့် ဘတ်စ်ကား တိုက်မိရာ သေဆုံးသူ ၁၃ဦးရှိပြီး ၂၅ဦး ဒဏ်ရာရရှိသည်။ ရီယိုဒီဂျနေးရိုးတွင် ယာဉ်တိုက်မှုပေါင်း ၂၂၇ မှုရှိရာ ယခင်ထက် ၆ဒသမ၅ ရာခိုင်နှုန်း များပြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် သန်း ၂၀ လာရောက်ရန် မလေးရှားမျှော်မှန်း

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၇

မလေးရှားနိုင်ငံသည် ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် သန်း ၂၀ လာရောက်ရေးအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တစ်ရပ်ကို စတင်ဖော်ဆောင်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၅ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း မလေးရှားနိုင်ငံသို့ လာရောက်သည့် ခရီးသည်ဦးရေသည် ၁၆ သန်းကျော်ရှိခဲ့သည်။ ခရီးသည်အများစုမှာ အာရှဒေသမှဖြစ်ကြပြီး စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့မှဖြစ်ကြသည်။ အနောက်နိုင်ငံများမှ ခရီးသည်များသည် အရှေ့တောင်အာရှဒေသမှ မလေးရှားသို့ တဖွဲဖွဲလာရောက်လျက်ရှိကြသည်။ လွန်ခဲ့သည့်နှစ်က အနောက်နိုင်ငံမှ ခရီးသည် ၈၈၅၀၀၀ နှင့် အမေရိကန်ပြည်ထောင်စုမှ ခရီးသည် ၁၅၀၀၀၀ တို့ မလေးရှားသို့ လာရောက်ခဲ့ကြသည်။ မြို့တော်ကွာလာလမ်ပူတွင် ပီထရိုနပ်စ်အမြွှာမျှော်စင် အဆောက်အအုံကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ယင်းအဆောက်အအုံသည် ကမ္ဘာတစ်ဝန်းတွင် အမြင့်ဆုံးသော အဆောက်အအုံများ၌ တစ်ခုအပါအဝင်ဖြစ်သည်။ ၈၈ ထပ်မြင့်သည့် အဆောက်အအုံဖြစ်ပြီး အမြင့်ပေအားဖြင့် ပေ ၁၄၈၀ ရှိသည်။ ၄၁ ထပ်မြောက်နေရာတွင် မိုးပျံတံတားဖြင့် မျှော်စင်တစ်ခုနှင့်တစ်ခု ဆက်ထားသည်။

အင်တာနက်။

မောရစ်သျှတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ် နှစ်ဦးသေဆုံး၊ စိုက်ခင်းများပျက်စီး

စိန့်လူးဝစ် ဖေဖော်ဝါရီ ၂၇

မောရစ်သျှနိုင်ငံရှိ စိန့်ပေါလ်ဒီလာရီယူနီယံကျွန်းစုတွင် တနင်္ဂနွေနေ့က ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နှစ်ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဒါမီဒါဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်နေစဉ် နေအိမ်ပြင်ပသို့ထွက်ခွာသူနှစ်ဦး သေဆုံးခြင်းဖြစ်ကြောင်း စိန့်လူးဝစ်မြို့တော်ဝန် ဟမ်မီကာရိုက ပြောကြားသည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြစ်ကူးတံတားတစ်စင်း ပြိုကျခဲ့သဖြင့် ဒေသဆိုင်ရာစီးပွားရေး ထိခိုက်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။ မုန်တိုင်းဒဏ်ကြောင့် ကြံနှင့် ငှက်ပျောစိုက်ခင်းများလည်း ပျက်စီးခဲ့ရသည်။

အင်တာနက်။

မောရစ်သျှနိုင်ငံ စိန့်ပေါလ်ဒီလာရီယူနီယံကျွန်း လမ်းမပေါ်၌ မုန်တိုင်းကြောင့် ရေကြီးနေသည်ကို ဖေဖော်ဝါရီ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်သင်္ဘော လာရောက်မှု ဂျပန်ပြည်သူတို့ကန့်ကွက်

တိုကျို ဖေဖော်ဝါရီ ၂၇

ဂျပန်သို့ အမေရိကန် စစ်သင်္ဘော လာရောက်မှုကို ပြည်သူများက ဆန့်ကျင်ဆန္ဒပြနေသည့်ကြားမှ အမေရိကန် အဏုမြူ လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ရော်နယ်ရေဂင်သည် ဖေဖော်ဝါရီ ၂၄ရက်က နာဂါဆာကီမြို့ရှိ ဆာဆီဘိုဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။

ထိုဆိပ်ကမ်းအနီးရှေပြင်တွင် ကန့်ကွက်သူများက ငါးဖမ်းသင်္ဘော ၂၀ ခန့်ဖြင့်အမေရိကန် စစ်သင်္ဘောဝင်လာသည်ကို ကြိုတင်၍ ဆန္ဒပြကြသကဲ့သို့ ကမ်းပေါ်မှ ဆန္ဒပြသူများကလည်း အမေရိကန်စစ်သင်္ဘော မဝင်ရဟူသော စာတန်းများကိုကိုင်၍ ကန့်ကွက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေး ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ခွဲသုံးဖွဲ့ ခွဲဝေသတ်မှတ် တာဝန်ပေးတော်မူကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံသစ်၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် တာဝန်ခံ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် သုံးထပ်ဓမ္မာရုံကြီး၌ ရုပ်ပွားတော်များအား ကြည်ညိုဖွယ်ပူဇော်ထားရှိရန်၊ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လုပ်ငန်းဇယား ရေးဆွဲထားသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများသည် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဗုဒ္ဓစက်တော်ရာ တန်ဆောင်း အမိုးနှင့် မျက်နှာကြက်အသစ် ပြန်လည်လဲလှယ်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဗုဒ္ဓစက်တော်ရာတန်ဆောင်း အမိုးနှင့် မျက်နှာကြက်အသစ်ပြန်လည်လဲလှယ်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း တရားသူကြီးများ၏ (၂၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် ပြည်မြို့ရှိ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းတရားသူကြီး ဦးစိန်လင်း၊ တွဲဖက်တိုင်းတရားသူကြီးနှင့် ပြည်ခရိုင်၊ သာယာဝတီခရိုင်တို့မှ တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ မြို့နယ် ၁၄ မြို့နယ်မှ တရားသူကြီးများ၊ တွဲဖက်တရားသူကြီးနှင့် ဒုတိယတရားသူကြီးများ တက်ရောက်ကြသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းတရားသူကြီးက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားပြီး ခရိုင်နှင့် မြို့နယ် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းတရားသူကြီး ဦးစိန်လင်း ထပ်ဆင့်ရှင်းလင်းပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၂၃ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ပါရမီကျောင်းတိုက် အောင်နန်းတော်ကျောင်းဆရာတော် ဘဒ္ဒန္တ သာသန (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ) ဦးစီးကျင်းပသော ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၊ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ၊ မြို့နယ်အဆင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို အထက(၁) သီရိရတနာခန်းမတွင် ကျင်းပရာ ပထမရွှေတံဆိပ်ဆုရ အထက(၁)မှ မမေဇင်ပြုံးအား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန် ဆုချီးမြှင့်စဉ်။ (မဥ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၇ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ခုနှစ်)
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၀ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊မော့စ်၊ လင်းဇာနည်ဇော်၊ပွင့်) (ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး ဝ/သ ရန်ကုန်)**
- ၅:၃၀ ၈။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၄)
- ၅:၄၀ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅:၅၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သီရိဂေဟာ
- ၇:၀၀ ၁၄။ Discovery
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ ရင်ခုန်သံ" (အပိုင်း-၂)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး"(အပိုင်း-၁၆)**
- ၂၀။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦး ဆောင်းနှောင်းလတပေါင်း (အပိုင်း-၁)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ဂုဏ်ပေါင်းခသည့် တပေါင်းလ

သုခမိန်မှူး(ရတနာစည်လွိုင်လင်)

(က)

**သာလေစွ၊ ဆီးကြွေနှင်းခဲ
သာလွန်ကဲ၍၊ ရဲရဲမိုးလ၊
ဖဂ္ဂုနနှင့် ပြည့်ဝအညီ၊ မိန်ရာသီဟု
သရဖီပိတောက်၊ ခက်ညှောက်ညွန့်ညောင်း
ဝတ်မှုန်လောင်းသည့်၊ တပေါင်းလသာ
လတကာထက်၊ နှင်းရာဖက်ရှောင်
လများနောင်ကား၊ တောင်လည်းသာမော
တောလည်းသာထွေ၊ ရေလည်းသာလှ
ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရှင်ရာ
သဘင်အညီ၊ ပွဲစေတီဟု
မြှောက်ချီရှင်ပ၊ လှူဒါန်းကြလျက်။
(အင်းဝစာဆို ဆီသည်ရွာသား ဦးအောင်ကြီး)**

(ခ)

တပေါင်းလသည် မြန်မာတို့၏ ၁၂လ၌ နောက်ဆုံးလဖြစ်၏။ ဂိမာန်နွေနှင့် ဟေမန်ဆောင်းတို့၏ ပေါင်းကူးလဖြစ်၏။ ရွက်ဟောင်းများ ကြွေ၍ ရွက်သစ်ပုရစ်ပန်းများ လန်းဆန်းသောလဖြစ်၏။ ရတနသုတ်ပရိတ်တော်တွင် ဘုရားရှင်၏ တရားတော်ကို တပေါင်းလနှင့် ဥပမာပေးထားသည်မှာ အလွန်နှစ်သက်ဖွယ် ကောင်းလှ၏။ **"နွေတို့၏ ပထမလဖြစ်သော တပေါင်းလဝယ် ပင်လုံးကျွတ်အဖူးများ၌ပွင့်သော တောအုပ်ကြီးသည် ကြည့်ရှုမဝ၊ အလွန်လှပသကဲ့သို့ ဘုရားရှင်၏ တရားတော်သည်လည်း နာ၍မဝ၊ ကျင့်၍မဝ အလွန်တင့်တယ် လှပပါသည်"**ဟု ဥပမာပေးထား၏။

တပေါင်းလဟူသော အခေါ် ဝေါဟာရသည် **"တာလ"**ဟူသည့် ပါဠိသက် ဝေါဟာရဖြစ်၏။ **"တာလ"** သည်**"ထန်း"**ဖြစ်၍ **"ပေါင်း"**မှာ ချက်သည်၊ ကျိုသည်ဟူသည့် အဓိပ္ပာယ်ကိုဆောင်၏။ တပေါင်းလသည် ထန်းသမားတို့၏ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလဖြစ်၏။ ဤတပေါင်းလတွင် ထန်းဖိုပင်မှရသော **"ညှပ်ရည်"**နှင့် ထန်းမပင်မှရသော **"သီးနှုရည်"**တို့ကို ပေါင်းစပ်ကျိုချက်ရသဖြင့် **"ထန်းပေါင်းလ"**ဟု ခေါ်ဝေါ် ခဲ့ရာ ကာလရွေ့လျားလာသောအခါ ထန်းပေါင်းလ၊ ထပေါင်းလ၊ တပေါင်းလဟူ၍ ဆင့်ပြောင်းကာ ခေါ်ဆိုခဲ့ကြ၏။

တပေါင်းလ၏ ဝိသေသများ

မြန်မာ့ ၁၂ရာသီဝယ် တပေါင်းလသည် အခြားသောလများထက် ထူးခြားချက် ဝိသေသများစွာတို့ဖြင့် စာဖွဲ့၍ မကုန်နိုင်လောက်အောင် ဝေဆာလျက်ရှိ၏။ နေ၊ လ နှင့် နက္ခတ်တာရာတို့ ထွက်ပြူပေါ်ထွန်းလာသော လဖြစ်၏။ ဖွားဖက်တော်ကာဠုဒါယီက ဘုရားရှင်အား ဗြဒ္ဓဂါထာဖြင့် ဝေဝေဆာဆာဖွဲ့နွဲ့၍ နေပြည်တော်သို့ ပင့်ဆောင်သောလဖြစ်၏။ ရှေးဘိုးဘေးမြန်မာတို့၏ ဘာသာရေးဓလေ့ သဲပုံစေတီတော် ပူဇော်ပွဲနှင့် ယနေ့ခေတ် မြေးမြစ်မြန်မာတို့၏ ဘာသာရေး ဘုရားပွဲတော်များ ကျင်းပသောလဖြစ်၏။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သောလဖြစ်၏။

ကမ္ဘာဦးအစ နေ၊ လတို့ပေါ်ပုံ

ကမ္ဘာဦးလူသားတို့အတွက် နေ၊ လ၊ နက္ခတ်၊ တာရာဟူ၍မရှိသဖြင့် မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါ အလင်းတန်းများဖြင့် ကမ္ဘာကြီးအား အလင်းဖြန့်ခဲ့၏။ မိမိတို့၏ ကိုယ်ရောင်ကိုယ်ဝါများ မှေးမှိန်ကွယ်ပျောက်သွားသောအခါ ကမ္ဘာကြီး အမှောင်လွှမ်းသွား၏။ ထိုအနေအထားသို့ ဆိုက်ရောက်ချိန် ကမ္ဘာဦးလူသားများက **"ငါတို့လူသားတွေအတွက် ပကတိ အလင်းရောင်ကိုရနိုင်လျှင် ကောင်းမှာပဲ"**ဟု တမ်းတကြပြန်၏။ ထိုကမ္ဘာဦးလူသားတို့ တောင့်တချက်အရ နေ၊ လ၊ နက္ခတ်၊ တာရာတို့ ထွက်ပြူလာ၏။ ထို နေ၊ လ၊ နက္ခတ်၊ တာရာတို့ ထွက်ပြူလာသောလသည် ဤတပေါင်းလပြည့်နေ့ပင် ဖြစ်သည်ဟု သမိုင်းပညာရှင်များ မှတ်တမ်းတင်ခဲ့၏။

နေပြည်တော်သို့ ပင့်ဆောင်ပုံ

မိမိ၏ သားတော်သည် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်ရှိနေသည့်အကြောင်း၊ ဝေနေယျသတ္တဝါတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးနေသည့်အကြောင်း ကြားသိနေရသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စိတ်အစဥ်ဝယ် သားတော်ဘုရားကို ဖူးမြင်လို၍ အမတ်တစ်ဦးနှင့် အခြံအရံတစ်ထောင်တို့ဖြင့် သားတော်ဘုရားအား နေပြည်တော်သို့ ကြွလာတော်မူရန်အတွက် အပင့်လွှတ်လိုက်လေ၏။

သို့သော်**...** ဘုရားရှင်အား ပင့်ဆောင်ရန်သွားသော အမတ်နှင့် အခြံအရံများသည် ဘုရားရှင်၏ တရားတော်ကို နာကြားကြရသောအခါ ရဟန္တာများ အသီးသီးဖြစ်သွားကြ၍ ဘုရားရှင်အား ပင့်လျှောက်ခြင်းကိစ္စကို မပြုဖြစ်ကြပေ။ ရှေးနည်းအတူ ကိုးကြိမ်တိုင်တိုင် အမတ်ကိုးဦး အခြံအရံ ကိုးထောင်တို့ကို ဘုရားရှင်အား အပင့်လွှတ်သော်ငြားလည်း အားလုံးသော အမတ်များနှင့် အခြံအရံတို့သည် ဘုရားရှင်၏ တရားတော်ကို နာကြားကြရပြီး ရဟန္တာချည်း ဖြစ်သွားကြ၏။

ဆယ်ကြိမ်မြောက်သို့ ရောက်သောအခါ ဘုရားရှင်၏ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို အခြံအရံတစ်ထောင်ဖြင့် လွှတ်လိုက်၏။ ကာဠုဒါယီ အမတ်နှင့် အခြံအရံများသည်လည်း ရှေးပုဂ္ဂိုလ်များနည်းတူ ဘုရားရှင်၏ တရားတော်ကို နာကြားကြရပြီး ရဟန္တာများ ဖြစ်သွားကြပြန်၏။ သို့တိုင် **"ဘုရားရှင်အား မရအရ ပင့်ဆောင်ပေးပါမည်"**ဟု ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ပေးခဲ့သောကတိကိုမူ အပျက်မခံဘဲ ဘုရားရှင်အား အကြောင်းစုံလျှောက်၍ ပင့်ဆောင်ရန်အတွက် အခါအခွင့်ကို စောင့်ဆိုင်းနေခဲ့၏။

ထိုသို့ အခါအခွင့်ကို စောင့်ဆိုင်းခဲ့ရာမှ တပေါင်းလသို့ ရောက်သောအခါ အရှင်ကာဠုဒါယီသည် မြတ်စွာဘုရားရှင်အား တပေါင်းလ၏ ဝိသေသ၊ သာယာပုံ အစုံစုံကို ဗြဒ္ဓဂါထာဖြင့် ချီးကျူးကာ ကပိလဝတ် နေပြည်တော်သို့ ဘုရားရှင် ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားလေ၏။ အရှင်ကာဠုဒါယီက ဘုရားရှင်အား ဗြဒ္ဓဂါထာဖြင့် လျှောက်တင်သောနေ့ကား သက္ကရာဇ် ၁၀၃ခု တပေါင်းလပြည့်ကြာသပတေးနေ့ဖြစ်၏။

မြတ်စွာဘုရားသည် အရှင်ကာဠုဒါယီ၏ လျှောက်ထား တောင်းပန်ချက်ကို နှစ်သက်တော်မူသဖြင့် တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် မာဂဓတိုင်းသား သံဃာတော်တစ်သောင်း၊ ကပိလဝတ်ပြည်သား သံဃာတော်တစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ရှိသော ကပိလဝတ်နေပြည်တော်သို့ တောအသွယ်သွယ် တောင်အထပ်ထပ် ခရီးရှည်ကြီးကို တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ခြေကျင်ခရီး ဆက်တော်မူခဲ့ရာ နှစ်လတိုင်ခဲ့၏။

အရှင်ကာဠုဒါယီသည် ဈာန်ဖြင့်ကောင်းကင်မှ ကြွနှင့်၍ ကပိလဝတ်နေပြည်တော်ရှိ ဆွေတော်မျိုးတော်တို့အား ဘုရားရှင် ကြွလာပြီဖြစ်ကြောင်း၊ ဘယ်နေ့၊ ဘယ်ရက်ခန့်တွင် ရောက်မည်ဖြစ်ကြောင်း ပြောပြကာ ကြိုတင်စီမံထားစရာ ရှိသည်များကို စီမံထားလေ၏။ အထူးအားဖြင့် အရှင်ကာဠုဒါယီသည် မြတ်စွာဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်နှင့်စပ်သော တရားစကားများဖြင့် သာကီဝင်မင်းမျိုး တစ်မျိုးလုံးကို ဘုရားရှင်အား မဖူးရမီကပင် ကြည်ညိုသော သဒ္ဓါတရားဖြစ်ပွားနှင့်အောင် ပြုတော်မူလေ၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောင်တစ်ချိန်၌ သာဝကများအား ဧတဒဂ်ဘွဲ့ထူး နှင်းအပ်ပေးသောအခါ **"ရဟန်းတို့...ဆွေတော်မျိုးတော်တို့အား ငါဘုရား၌ သက်ဝင်ယုံကြည်ခြင်းကို ဖြစ်စေကြသော ငါဘုရား၏ တပည့်သာဝက ရဟန်းတို့အနက် ကာဠုဒါယီရဟန်းသည် အသာဆုံး၊ အမြတ်ဆုံးပေတည်း"** ဟု မိန့်ကြားတော်မူကာ **"ကုလပ္ပသာဒ"** ဧတဒဂ်ဘွဲ့တော်ကို ချီးမြှင့်မြှောက်စား ပေးသနားတော်မူ၏။

အရှင်ကာဠုဒါယီ၏ လျှောက်ထားချက်ကို လက်ခံတော်မူပြီး ဘုရားရှင်သည် တောလမ်းခရီးစဥ်ဖြင့် သာယာကြည်နူးဖွယ်ကောင်းသော ဤတပေါင်းလဝယ် ကျေးဇူးရှင် ဖခမည်းတော်ကြီးရှိရာ ကပိလဝတ်နေပြည်တော်သို့ ဘုရားဖြစ်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြန်ကြွတော်မူ၏။ ဖခမည်းတော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

သဲပုံစေတီတော်

ရှေးအခါက ဘိုးဘေးမြန်မာများ လက်ထက်ဝယ် မိမိတို့ မြန်မာနိုင်ငံ၌လည်း ဘုရားရှင် ကြွရောက်ဖူးသည့် အထိမ်းအမှတ်အဖြစ် တပေါင်းလသို့ရောက်တိုင်း သဲပုံစေတီပွဲတော်ကျင်းပကာ ဘုရားရှင်အား ပူဇော်ကြ၏။ ယနေ့ မြေး၊ မြစ် မြန်မာများ လက်ထက်ဝယ် သဲပုံစေတီပွဲတော်အစား တပေါင်းလ ဗုဒ္ဓပူဇနိယဘုရားပွဲတော် ကျင်းပပြီး ဘုရားရှင်အား ပူဇော်မှုပြုကြ၏။

သဲပုံစေတီဟူသည် သဲပွင့်သဲစက်များဖြင့် စေတီတော်အဖြစ် တည်ထားကိုးကွယ်သော ဘုရားရှင်၏ ကိုယ်ပွား ဥဒ္ဒိဿစေတီပင်ဖြစ်၏။ သဲပုံစေတီတည်ရာတွင် ပထမအောက်ခြေ အဆင့်ငါးဆင့် တည်ဆောက်ရ၏။ မြင့်မိုရ်တောင်တွင် အာလိန်အဆင့် ငါးဆင့်ရှိသည်ကို ရည်ရွယ်၍ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြစ်၏။ အာလိန်ငါးဆင့် (အဆင့်ငါးဆင့်ကို)ရွှေပြား၊ ငွေပြားစသည်တို့ဖြင့် ပြုလုပ်ကြ၏။ များသောအားဖြင့် ငှက်ပျောဖက်စသည်ဖြင့် ပြုလုပ်ကြ၏။ အာလိန်ငါးဆင့်မှာ အနိမ့်၊ အမြင့် စေတီသဏ္ဌာန် လက်ယာရစ် ပတ်ထားရသည်။ ထို့နောက် သန့်စင်သည့်သဲများကို အပြည့်သိပ်ထည့်ရ၏။ တံခွန်ကုက္ကားစသည့် ပူဇော်ဖွယ်များဖြင့် အလှဆင်ကာ အနေကဇာတင်ကြ၏။ ဤသဲပုံစေတီတော်အား အကြောင်းပြု၍ အလှူဒါနပြုကြခြင်း၊ ဥပုသ်သီလများ ဆောက်တည်ခြင်း၊ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုပွားကြ၏။

တပေါင်းလဘုရားပွဲတော်

သဲပုံစေတီ တည်ထားကိုးကွယ်သော အလေ့အထသည် ရှေးအခါက ရှိခဲ့သော်ငြားလည်း ယနေ့ မျက်မှောက်ခေတ်၌မူ သဲပုံစေတီပွဲတော်အစား တပေါင်းလ ဗုဒ္ဓပူဇနိယဘုရားပွဲတော်အဖြစ် ပြောင်းလဲကျင်းပကြ၏။ ထိုသို့ကျင်းပရာဝယ် မိမိတို့ရပ်ရွာ၊ မြို့နယ်၊ ခရိုင်၊ နိုင်ငံအတွင်းရှိ စေတီဘုရား၊ ဆင်းတုတော်များ၏ ပရိဝုဏ်အတွင်း၌ ဘာသာရေးပွဲလမ်းသဘင်များကျင်းပ၍ ခုနစ်ရက်စသည်ဖြင့် ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ကာ ဘုရားရှင်အား ပူဇော်ခြင်း၊ မိမိတို့ရိုးရာအလိုက် ရိုးရာပျော်ပွဲရွှင်ပွဲများ တင်ဆက်ပြသခြင်း၊ နောက်ဆုံးရက်တွင် သံဃာတော်များအား ဆွမ်းခဲဖွယ်များဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ တရားတော်နာ၊ ရေစက်ချ၊ အမျှအတန်းပေးဝေခြင်း စသည်တို့ ပြုလုပ်ကြ၏။

ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်း

ဘုရားရှင် နေပြည်တော်သို့ ကြွရောက်ဖြစ်အောင် ပင့်ဆောင်နိုင်သော အရှင်ကာဠုဒါယီကို ဘုရားရှင်သည် ကုလပ္ပသာဒဧတဒဂ်ဘွဲ့တော် ချီးမြှင့်တော်မူလေ၏။ ထို့အပြင် အခြားသော တပည့်သာဝကများထဲမှ ထူးချွန်ထက်မြက်သည့် သာဝကများကိုလည်း အရာဌာနအားလျော်စွာ ဧတဒဂ်ဘွဲ့တော် ချီးမြှင့်တော်မူလေ၏။

ယင်းသို့သောသာဓကတို့ကို အကြောင်းပြုလျက် ဤမြန်မာနိုင်ငံဝယ် ရှေးရှေးသော မင်းကောင်းမင်းမြတ်များ လက်ထက်ကတည်းကပင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့ကို သီလ၊ သမာဓိ၊ ပညာ ကြီးမားတော်မူကြသည့် ဆရာတော်ကြီးများအား ဆက်ကပ်ခဲ့ကြသကဲ့သို့ ယနေ့ တပ်မတော်အစိုးရကလည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဥ် နှစ်စဥ် ဤတပေါင်းလထဲ၌ နိုင်ငံ့အကြီးအကဲများက ကိုယ်တိုင်ကိုယ်ကျ ရှိသေစွာဖြင့် သဟတ္ထိကဒါနမြောက်အောင် ဆက်ကပ် ပူဇော် လှူဒါန်းလျက်ရှိပါသည်။

အချုပ်ဆိုရသော် လတကာတို့ထက် ရင်သပ်ရှုမောဖွယ်ပုံရိပ်များ၊ သာယာအေးချမ်းသည့် သဘာဝတရားများ ထူးခြားချက်ဝိသေသများ၊ မြင့်မြတ်သော ဂုဏ်ပုဒ်များစွာတို့ဖြင့် အလှကျက်သရေ ယှက်ဝေခညောင်းသော ဤတပေါင်းလနှင့်အတူ တွဲဖက်တည်ရှိသော မိမိတို့၏ ဘာသာရေးဓလေ့ထုံးတမ်းများ၊ ဘာသာရေး အစဥ်အလာများ မပျောက်ကွယ် မတိမ်ကောရလေအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရန်မှာ မြန်မာနိုင်ငံအတွင်းရှိ မြေးမြစ်မြန်မာတို့၏ တာဝန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၂၃ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဦးအောင်ကျော်ဦး-ဒေါ်လှဲ့လှဲ့ကြူ မိသားစုက ငွေပဒေသာပင်ကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးငွေသောင်းနှင့် နာယက ဦးဝင်းလှိုင်တို့ လက်ခံယူစဉ်။ (၅၂၉)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မတ် ၁၀ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်သည်။ ယင်းနှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးနှင့်အတူ ဟောပြောဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဥ်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများ၊ ပြည်နယ်၊ တိုင်းနှင့်ကုန်ပစ္စည်းလုပ်ငန်းအလိုက် ညီနောင်အသင်းအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ပြသရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅ နှင့် ၂၁၄၃၄၆ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဥ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀၀၆-၂၀၀၇ပညာသင်နှစ် မြို့နယ်ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၈ရက်က အထက(၂)၌ ကျင်းပရာ ဒသမတန်း၌ ဘက်စုံထူးချွန်ဆုရ မမေသော်ဟန်အား မြို့နယ်ပညာရေးမှူး ဦးမင်းစိန် ဆုချီးမြှင့်စဉ်။ (က-ပ)

ရခိုင်ပြည်နယ်၌ မိုးစပါးကို ကျေးရွာတိုင်း ၁၀ ဧကစီ တိုးမြှင့်၍ တစ်နှစ်လျှင် ဧက ၅၀၀၀၀ ရအောင် စိုက်ပျိုး နွေစပါးကို မြို့နယ်တိုင်း ဧက ၁၀၀ စီ ရေရရှိရန် ချောင်းပိတ်မြောင်းပိတ်အစီအစဉ်ဖြင့် စိုက်ပျိုးနိုင်ရေးစီမံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီခွဲတွင် ရသေ့တောင်မြို့မှ မလိခ အမြန်ရေယာဉ်ဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရှိပြင် စံပြကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပုဏ္ဏားကျွန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာ ရေချိုကန်၌ ငါး၊ပုစွန်များ မွေးမြူဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ပိုးရှိပြင် စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းတင်မောင်က ကျေးရွာ၏ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှသာ စီးပွားရေး ကောင်းမွန်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားလာမည်ဖြစ်၍ ဤဒေသ၏ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ကြရန် လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါးနှင့် ဒေသနှင့်ကိုက်ညီမည့် အဓိကသီးနှံများကို စိုက်ဧကတိုးချဲ့၍ လည်းကောင်း၊ အထွက်နှုန်း ကောင်းစေရန် လည်းကောင်း၊ သီးထပ်သီးညှပ်အဖြစ် လည်းကောင်း စိုက်ပျိုးကြရန် လိုကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းသည် ပြည်နယ်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် သီးနှံဖြစ်ရာ ပိုးရှိပြင်ကျေးရွာအုပ်စု အပါအဝင် ပုဏ္ဏားကျွန်းမြို့နယ် တစ်ခုလုံးတွင် သတ်မှတ်ချက်ထက်ကျော်လွန်၍ တိုးတက်စိုက်ပျိုးကြရမည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ငရုတ်ကောင်း ၂၄၆၄၆ဧက စိုက်ပြီးဖြစ်ရာ ပိုမိုတိုးတက်စေရန် တောတောင်များ၊ ဥယျာဉ်နှင့် အိမ်ခြံဝိုင်းများ အတွင်း ငရုတ်ကောင်းများကို တိုးနိုင်သမျှ တိုးစိုက်ကြရန်နှင့်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရေး၊ ပိုးမွှားရောဂါ ကာကွယ်ရေးအတွက် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းတွင် သာမကပြည်ပတွင်ပါ ဈေးကောင်းရရှိနိုင်သည့် ရော်ဘာနှင့် လောင်စာဆီအစားထိုးနိုင်သည့် ခြစည်းရိုးကြက်ဆူပင်များကိုလည်း လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်အောင်စိုက်ပျိုးကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က ဖွံ့ဖြိုးရေး အထူးဒေသ ၂၄ ခု သတ်မှတ်ပြီး မြို့များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ကျေးလက်နှင့် နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်တို့က ပိုးရှိပြင် စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်ငါးသိန်း၊ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများ၊ တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေး အတွက် အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်တင်နှင့် ကျန်းမာရေးမှူး ဦးကျော်သိန်းတို့က လက်ခံကြသည်။

ယင်းနောက် ပိုးရှိပြင် စံပြကျေးရွာ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသော အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်ငါးသိန်းနှင့် တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန် အလှူငွေကျပ်ငါးသိန်းတို့ကို ဒေသခံပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးကျော်ဝင်းမောင်နှင့် ဆေးရုံ ဖြစ်မြောက်ရေးကော်မတီမှ ဦးဦးခင်မောင်တို့က ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးနှင့် ကျန်းမာရေးမှူးတို့က လက်ခံကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပိုးရှိပြင် စံပြကျေးရွာမှ မလိခ အမြန်ရေယာဉ်ဖြင့် စန်းကားကျေးရွာသို့ ရောက်ရှိကြ၍ အခြေခံပညာမူလတန်းကျောင်း၌ မူလတန်းကလေးငယ်များ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျောင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အခြေခံပညာမူလတန်းကျောင်းကို အပြီးသတ် ဆောက်လုပ်ပြီးစီးရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ စန်းကားကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တောင်စောင်းများ၌ ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော တညင်းနှင့်ငရုတ်ကောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စန်းကားကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တကဝိပီယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စန်းကားကျေးရွာမှ မလိခ အမြန်ရေယာဉ်ဖြင့်ထွက်ခွာ၍ စစ်တွေမြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီခွဲတွင် စစ်တွေမြို့ အောင်တိုင်ကျေးရွာရှိ ချောင်းကိုပိတ်၍ စိုက်ပျိုးထားသော နွေစပါးဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးဆောင်ရွက်မှု အခြေအနေနှင့် ရေပေါ်မြောင်းများ ပြုလုပ်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်က နွေစပါး စိုက်ပျိုးမှု အခြေအနေနှင့် နွေစပါးစိုက်ပျိုးသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရခိုင်ပြည်နယ်၌ မိုးစပါးကို ကျေးရွာတိုင်း ၁၀ဧကစီ တိုးမြှင့်၍ တစ်နှစ်လျှင် ဧက ၅၀၀၀၀ ရရှိအောင် စိုက်ပျိုးကြရန်နှင့် နွေစပါးကို မြို့နယ်တိုင်း ဧက ၁၀၀စီ ချောင်းငယ်များကို ရေငန်၊ရေချိုရရှိအောင် ပြုလုပ်ပြီး ချောင်းပိတ်မြောင်းပိတ် အစီအစဉ်ဖြင့် စိုက်ပျိုးနိုင်ရေး စီမံကြရမည်ဖြစ်ကြောင်း ဖြင့် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှေ့၌ ခင်းကျင်းပြသထားသော သီးနှံရောဂါ ကာကွယ်ရေးဆေးများနှင့် အီးအက်စ်ပါဘိုကာရှီမြေဆွေးပြုလုပ်ပုံသရုပ်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်တိုင်ကျေးရွာ စံပြစပါး စိုက်ခင်းဧက ၁၀၀၌ စုပေါင်းတမန်းနှိုး၍ မြေသြဇာကြဲပက်ကြသည်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်တိုင်ကျေးရွာ ချောင်းပိတ်မြောင်းပိတ် ရေချိုကန်သို့ရောက်ရှိကြပြီး ငါး၊ပုစွန်မွေးမြူဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးထွန်းဝင်းမြင့်က အောင်တိုင်ရေချိုကန်သည် ၃၅၇ ဧကရှိပြီး တစ်နှစ်လျှင် ငါး၊ပုစွန်ပိဿာ နှစ်သောင်းခန့် ထွက်ရှိကြောင်း၊ ၎င်းရေဖြင့် နွေစပါးဧက ၁၀၀ကိုလည်း စိုက်ပျိုးထားကြောင်း ရှင်းလင်းတင်ပြပြီး ကန်အတွင်း၌ မွေးမြူထားသော ငါး၊ ပုစွန်များကို ပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

စစ်တွေမြို့နယ်၌ နွေစပါးကို ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၅၀လျာထားရာ ဧက ၁၅၀စိုက်ပျိုးခဲ့ပြီး ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၁၅၀လျာထားရာ ၂၈၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရှိရသည်။ ရခိုင်ပြည်နယ်၌ နွေစပါးဧက ၂၂၅၀၀ လျာထားရာ ၂၀၁၄၁ ဧက စိုက်ပျိုးပြီးစီးပြီး ရာသီကုန်တွင် လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ပါမောက္ခ ဦးကိုကိုမောင် (မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်–ရန်ကုန်)က "The Greatest Intimidating Problem for Dental Practitioners" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချပွဲကို မတ် ၁၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင် ဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁–၃–၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခဲယဉ်းတရားရရှိပြား မမှားကြစေနဲ့တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)(အပိုင်း–၁)
၈း၀၅	ကျိုက်မော်ဝန်းရေလယ်စေတီတော်(ဗုဒ္ဓပူဇနိယပွဲတော်)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၅	မကြားနိုင် မပြောနိုင်သော် လည်းထူးချွန်နိုင်ကြသူများ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	၂၀၀၄ခုနှစ် အကောင်းဆုံး ဇာတ်ကားတည်းဖြတ်ဆုရ "ဦးဇော်မင်း"နှင့်တွေ့ဆုံခြင်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	သာစုခေါ်စေသော်ဝ် အလင်းအလှူတော်
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပေမူမှသည် ပုံနှိပ်မှုသို့
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	သွားမယ် စားမယ် (Shanti Indian Food)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်အကြို
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါ အကြောင်း) [ဒေါက်တာတင်မောင်ချို]
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	စာရေးဆရာမောင်ဒဂုန်နှင့် တွေ့ဆုံခြင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံအတွက် အကျိုးရှိထိုက်တန်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာအောင် အထူးဂ
နိုင်ငံရေးအချောင်သမားများ၏ သားကောင်များအဖြစ် ကျရောက်မသွားစေရအော

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သင်တန်းသားစံပြဆုရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ နည်းပြဦးကျော်မျိုးလှိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ယနေ့နိုင်ငံတော်အစိုးရအနေနှင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အတိတ်သမိုင်း၏ ဆိုးမွေတွေဖြစ်သည့် မညီညွတ်မမျှတမှုများ၊ အယူဝါဒရေး၊ တစ်ယူသန်လူမျိုးရေး ပုဂ္ဂိုလ်ရေးဘက်ပြိုင် ဆန့်ကျင်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ ဆူပူသောင်းကျန်းမှု၊ မတည်ငြိမ် မအေးချမ်းမှု အနိဋ္ဌာရုံများ ကင်းစင်ပြီး ကြည်လင်သန့်စင်သည့် အနာဂတ်ကို ထာဝရပိုင်ဆိုင်နိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာမှာ လောကဓမ္မတာအလျောက် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကိုရော၊ စေတနာဆိုးနှင့် ဖန်တီးနေကြသည့် အဖျက်အမှောင့်၊ အနှောင့်အယှက် အမျိုးမျိုးကိုပါ ကြံ့ကြံ့ခံရင်ဆိုင်ရင်း အမျိုးသားရေးကိုသာရှေးရှုသည့် သန္နိဋ္ဌာန်စိတ်ဓာတ်သက်သက်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အမျိုးသားရေးအတွက် ဖြူစင်မှန်ကန်မွန်မြတ်သည့် စေတနာနှင့် မဆုတ်မနစ် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အမျှ ပြည်သူအများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြစ်ထွန်းလာခဲ့ပြီး နိုင်ငံတော်သည်လည်း မပြည့်မစုံဘဝကနေ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည့် ယနေ့အခြေအနေ အချိန်အခါကို တစ်စတစ်စ တက်လှမ်းရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် **ယနေ့အချိန်အခါသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံမှာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာများ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ပညာရပ်ဆိုင်ရာစွမ်းအားနှင့် တစ်ရှိန်ထိုးမြှင့်တင်နိုင်စေရအောင် တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှု take-off ဖြစ်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။**

ယင်းသို့ အခြေအနေအချိန်အခါမျိုးမှာ ဝိဇ္ဇာ၊သိပ္ပံပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၊ဆရာဝန်များ၊အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ရေကြောင်း၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရှင်များ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပညာရှင်များစသည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် အင်နှင့်အားနှင့် ပြုစုပျိုးထောင်မွေးထုတ်ထားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်လျော်ညီစွာ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံလုံလောက်မှုစွမ်းအားများကသာလျှင် အမျိုးသားစီးပွားရေးဓနအင်အား တိုးတက်ခိုင်မာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

ယနေ့ အချိန်အခါတွင် ဓနအင်အား၊ နည်းပညာစွမ်းအား မြင့်မားသာလွန်သည့် နိုင်ငံကြီးအချို့သည် ဓနအင်အားကွာခြားမှု၊ နည်းပညာကွာဟမှုတို့ကို အသာစီးယူပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မလျော်ဩဇာသုံး လွှမ်းမိုးအကျပ်ကိုင်မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ဖိအားပေးအကျပ်ကိုင်မှုတို့ကို ရင်ဆိုင်တွန်းလှန်နိုင်မည့် အမျိုးသားဓနအင်အား ပြည့်စုံကြွယ်ဝမှု၊ နည်းပညာစွမ်းအား ပြည့်ဝခိုင်မာမှုတို့ကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်ဖို့ဆိုသည့် ပညာရေးကဏ္ဍ၏ တာဝန်သည် တိုင်းတစ်ပါးစွက်ဖက်ခြယ်လှယ် ဩဇာလွှမ်းမိုးမှုလောင်းရိပ်က လွတ်ကင်းရေးဆိုသည့် အမျိုးသားရေးအဓိပ္ပာယ်ကို ဆောင်နေပြီဖြစ်ကြောင်း။

ယင်းသို့အခြေအနေအချိန်အခါမျိုးတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် သာမန်ကြိုးပမ်းအားထုတ်မှုမျှဖြင့် မလုံလောက်နိုင်ဘဲ ပညာရေးကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲမြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားအောင်၊အမျိုးသားဓနအင်အားပြည့်ဝခိုင်မာအောင် စွမ်းဆောင်ပေးနိုင်မည့်အပြင် တိုင်းတစ်ပါးက ဩဇာပေးစွက်ဖက်ခြယ်လှယ်မှု၊ ဖိအားပေးအကျပ်ကိုင်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်သည့်စွမ်းရည်ရော စိတ်ဓာတ်နှင့်ပါ ပြည့်စုံသည့်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၊နေရာဒေသစုံမှာ အင်အားကြီးမားကျယ်ပြန့်ခိုင်ခံ့စွာ ဖြစ်ထွန်းလာစေရန် ရည်မှန်းပြီး အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများကို ကျေးလက်အထိရောက်အောင်၊ အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများကို ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာဒေသများအထိ ရောက်အောင် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ကောလိပ်များကို စနစ်တကျ ဖြန့်ကြက်လွှမ်းခြုံ ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပေါ်ထွန်းလာသည့် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှာ နယ်မြေဒေသမရွေး ပညာရည်အရည်အသွေးညီညွတ်မျှတစေရေးအတွက်လည်း Multi-media Classroom များ၊ e-Learning Centre များ၊ခေတ်မီဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများကို ဆိုင်ရာဆိုင်ရာအဆင့်များနှင့်လျော်ညီစွာ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့်အဆင့်မြင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများအနေနှင့် Data-broadcasting system နှင့် Computer Network များကိုလည်း ဖန်တီးပေးထားပြီးဖြစ်ကြောင်း။

တစ်ဖက်မှာလည်း နိုင်ငံတကာမှာ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တက္ကသိုလ်၊ကောလိပ်အသီးသီးမှာ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ပေးထားပြီး အဆင့်မြင့်သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေသကဲ့သို့ ပညာရပ်အလိုက် တက္ကသိုလ်အသီးသီးကိုလည်း တိုးချဲ့ထူထောင်ပေးထားပြီး ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အဆင့်မြင့်ပညာကဏ္ဍ၏ **"အခွင့်အလမ်းပွင့်၊အရည်အသွေးမြင့်၊ ပညာခက်ဖြာ"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရပ်ဆိုင်ရာ Diversification and specialization ကို ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖော်ဆောင်သွားနိုင်မည့် အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို စနစ်တကျ ဖန်တီးပေးထားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ဆရာမများအနေနှင့် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးထားသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ပညာရည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိထိရောက်စွာအစွမ်းကုန်အသုံးပြုသွားကြရန် ယင်းသို့အသုံးပြုနိုင်သည့် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးရန်၊လိုအပ်သည့် facilities များတိုးပွားလာအောင် စီမံဆောင်ရွက်ကြရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍ စုံလင်အောင်လုပ်ရင်း ပညာရပ်နယ်ပယ်စုံမှာ ပညာရှင်များ တိုးပွားဖြစ်ထွန်းလာအောင်၊ intensive learning အနေနှင့် သုတေသနလုပ်ငန်းများ တိုးပွားလာအောင် တက္ကသိုလ်၊ ကောလိပ်များအလိုက် ရေတိုရေရှည်စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

တက္ကသိုလ်၊ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ပိုမိုမြင့်မားသည့် ပညာကိုလေ့လာနေသည့် ကြီးမားကျယ်ပြန့်ပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် အစုအဝေးစွမ်းအားစုကြီးအဖြစ် ဖြစ်ထွန်းနေစေရန်လိုကြောင်း၊သို့အတွက်ပညာရေးနယ်ပယ်နှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်စပ်ပေးရမှာဖြစ်သကဲ့သို့ ပညာရေးနယ်ပယ်အချင်းချင်း၊ တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး အစဉ်ထာဝရ သက်ဝင်လှုပ်ရှားနေသည့် ပညာမျှဝေပြန့်ပွားမှုဖြစ်စဉ်တစ်ရပ် ပီပီပြင်ပြင် ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည် စီမံကိန်းများနှင့် လိုက်လျောညီထွေဖြစ်သည့်အပြင် ယင်းပင်မစီမံကိန်းရည်မှန်းချက်များကို အထောက်အကူဖြစ်စေမည့် စီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို ပညာရပ်ဆိုင်ရာအလိုက်၊ တက္ကသိုလ်၊ကောလိပ်အလိုက် ဆင့်ပွားချမှတ်ပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်ကြပါမှ နိုင်ငံတော်၏ မြင့်မားသည့် ပညာရေးဆိုင်ရာမျှော်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ် ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပညာသည် ပညာအတွက် "Education for Education's Sake" ဆိုသည့်ခေတ်ကို ကျော်လွန်လာခဲ့ပြီဖြစ်သည့်အလျောက် ပညာသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ လေ့လာသင်ယူမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည့်၊ အထောက်အပံ့ပေးနိုင်မည့်စွမ်းအား၊ လူ့ဘောင်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် ကြံဆောင်ပေးနိုင်မည့်၊ ဖန်တီးပေးနိုင်မည့်စွမ်းအားဖြစ်စေရမည်ဆိုသည့်ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ပညာသည် နိုင်ငံသူ၊နိုင်ငံသားအားလုံးနှင့် အကျုံးဝင်နေပြီဖြစ်သည့်အတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသိအမြင် ဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှုစွမ်းအား မြင့်မားရေးတို့အတွက် စွမ်းဆောင်ပေးရမည့်တာဝန်ပါ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ပညာသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တိုးတက်ကြီးပွားရေးအတွက်သာမက လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတက္ကသိုလ်၊ကောလိပ်တည်ရှိရာ ဒေသမှသည် တစ်နိုင်ငံလုံးတိုးတက်ကြီးပွားရေးအတွက်ပါ ကြံဆောင်ဖန်တီးပံ့ပိုးပေးနိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အတွင်း တိုင်းရ
ညီညွတ်မျှတမှု၊ စီးပွားရေးတိုးတက်ဖြစ်ထွန်
သာယာမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်စီ
နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုဘဝ အဆ
များ ဖြစ်ထွန်းနေစေရအောင် ပညာရေးစွ
နိုင်စေရမှာဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာ့လူ့ဘော
ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူမှုတန်ဖိုး
ဝတ္တရားများ၊ စာရိတ္တနှင့်ကိုယ်ကျင့်တရား
စရိုက်လက္ခဏာနှင့် အမျိုးသားရေးဂုဏ်
အကျင့်ကောင်းများ ထွန်းကားပြန့်ပွား
တစ်ဆင့် ဖန်တီးဖော်ဆောင်ပေးကြရမှာ

တည်ငြိမ်အေးချမ်းသာယာပြီး ခေ
ပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ရ
ယနေ့အချိန်အခါသမယမှာ မျိုးဆက်သ
ထိုက်တန်သည့် နိုင်ငံကြီးသားအရည်အသေ
နိုင်ငံတော်၏ တရားဥပဒေကို ရိုသေလေးစ
ကောင်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ
ကောင်း များနှင့်ပြည့်စုံသည့် ပညာရည်မြ
ဖြစ်လာစေရအောင် ယခုကပင်လေ့ကျင့်ပံ့
ပြောကြားလိုကြောင်း။

နိုင်ငံတော်မှာ ယနေ့လိုအပ်နေသည့်
မျှော်လင့်ချက်များနှင့် ပြည့်လျှမ်းတက်ကြ
ရှုမြင်တတ်ပြီး ပြည်သူ့အကျိုးကို လိုလား
လူမှုကျင့်ဝတ်စောင့်သိပြီး လူမှုရေးတာဝန်ကျေ

သို့သော်လည်း နိုင်ငံ့အကျိုး၊ပြည်
အဖျက်အမှောင့်သမားများသည် ယ
မကျေနပ်မှုများ၊ ရန်လိုမှုများ၊ မုန်းတီး
လူငယ်များဖြစ်အောင် အပျက်သဘော

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသား၊သင်တန်းသူတက္ကသိုလ်၊ကောလိပ်၊ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြ
နှစ်ထပ်အိပ်ဆောင်သစ်ကို တွေ့ရစဉ်။

အဖျက်အမှောင့်သမားများသည် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအမျိုးမျိုးမှာ အပျက်သဘောသက်သက် ပုံဖော်ထားသည့် ပုံရိပ်ဆိုးများကို ဖန်တီးလျက်ရှိသည့်အပြင် လူမှုရေး၊ ဘာသာရေးနှင့် လူမှုကရုဏာလုပ်ငန်းများမှာပါ နိုင်ငံရေးပယောဂ စွက်ဖက်ပြီး အမြတ်ထုတ်အသုံးချ လုပ်ဆောင်နေကြ။

ဖြစ်လာအောင် အထူးဂရုပြုပျိုးထောင် ကျရောက်မသွားစေရအောင် ဆုံးမပဲ့ပြင်

ထို့အပြင် နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ လူမှုရေး ညီညွတ်မျှတမှု၊ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်း သာယာမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံတော်စီမံခန့်ခွဲရေးယန္တရားပြေပြစ်ချောမွေ့မှု၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားမှု အခြေခံကောင်း များ ဖြစ်ထွန်းနေစေရအောင် ပညာရေးစွမ်းအားဖြင့် မြှင့်တင်စွမ်းဆောင်ပေး နိုင်စေရမှာဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် လူမှုတန်ဖိုးများ၊ လူမှုရေးကျင့်ဝတ်နှင့်တာဝန် ဝတ္တရားများ၊ စာရိတ္တနှင့်ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများ၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်မှု အလေ့ အကျင့်ကောင်းများ ထွန်းကားပြန့်ပွားနေစေရအောင် ပညာရေးကဏ္ဍက တစ်ဆင့် ဖန်တီးဖော်ဆောင်ပေးကြရမှာဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ရုပ်လုံးပေါ်ဖြစ်ထွန်းစပြုနေပြီဖြစ်သည့် ယနေ့အချိန်အခါသမယမှာ မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံကြီးသားအရည်အသွေးများ၊ လူမှုကျင့်ဝတ်စည်းကမ်းနှင့် နိုင်ငံတော်၏ တရားဥပဒေကို ရိုသေလေးစားလိုက်နာတတ်သည့် အလေ့အကျင့် ကောင်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ ကောင်း များနှင့်ပြည့်စုံသည့် ပညာရည်မြင့်မားသော နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်လာစေရအောင် ယခုကပင်လေ့ကျင့်ပုံဖော်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်မှာ ယနေ့လိုအပ်နေသည့် လူငယ်များသည် အနာဂတ်အတွက် မျှော်လင့်ချက်များနှင့် ပြည့်လျှမ်းတက်ကြွနေသည့် လူငယ်များ၊ အပြုသဘော ရှုမြင်တတ်ပြီး ပြည်သူ့အကျိုးကို လိုလားစောင့်ရှောက်တတ်သည့် လူငယ်များ၊ လူမှုကျင့်ဝတ်စောင့်သိပြီး လူမှုရေးတာဝန်ကျေပွန်သည့် လူငယ်များပင်ဖြစ်ကြောင်း။

သို့သော်လည်း နိုင်ငံ့အကျိုး၊ပြည်သူ့အကျိုး ဖျက်ဆီးနေကြသည့် အဖျက်အမှောင့်သမားများသည် ယနေ့ မျိုးဆက်သစ်လူငယ်များကို မကျေနပ်မှုများ၊ ရန်လိုမှုများ၊ မုန်းတီးမှုများနှင့် တိမ်သလ္လာဖုံးနေသည့် လူငယ်များဖြစ်အောင် အပျက်သဘောသာရှုမြင်တတ်ပြီး မျှော်လင့်ချက် ကင်းမဲ့သည့် လူငယ်များဖြစ်အောင်၊ ဥပဒေစည်းကမ်းချိုးဖောက်တတ်သည့်၊ စည်းစနစ်စောင့်ထိန်းမှုကို ဆန့်ကျင်တတ်သည့် လူငယ်များဖြစ်အောင် တမင် ဖန်တီးနေကြသည်ကို တွေ့မြင်နေရကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသမီးတပ်ခွဲ သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့ပြင် **အဖျက်အမှောင့်သမားများသည် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအမျိုးမျိုးမှာ အပျက်သဘောသက်သက် ပုံဖော်ထားသည့် ပုံရိပ်ဆိုးများကို ဖန်တီးလျက် ရှိသည့်အပြင် လူမှုရေး၊ဘာသာရေးနှင့် လူမှုကရုဏာလုပ်ငန်းများမှာပါ နိုင်ငံရေး ပယောဂစွက်ဖက်ပြီး အမြတ်ထုတ်အသုံးချလုပ်ဆောင်နေကြကြောင်း။**

ပြည်ပမှာလည်း အမည်အမျိုးမျိုးခံထားသည့် တိုင်းတစ်ပါးအထောက် အပံ့ခံ အုပ်စုများသည် ယနေ့နိုင်ငံတကာမှာ ခေတ်စားနေသည့် HIV/AIDS၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ကလေးစစ်သား၊ လူ့အခွင့်အရေးစသည့် ခေါင်းစဉ်အမျိုးမျိုးကိုသုံးပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပုံရိပ်ဆိုးများ နိုင်ငံတကာမှာ ဖြစ်ပေါ်လာအောင် ဇာတ်လမ်းလိုတစ်မျိုး၊ အစီရင်ခံစာလိုတစ်ဖုံ အမျိုးမျိုးလုပ်ကြံဖန်တီးနေကြကြောင်း။

အထူးသဖြင့် တိုင်းရင်းသားအချင်းချင်း လူမျိုးရေးသွေးခွဲသပ်လျှိုသည့် လုပ်ဇာတ်အမျိုးမျိုးကို ဖန်တီးနေမှုများ၊ ယင်းသို့ဖန်တီးထားသည့် ဇာတ်လမ်း များ၊ အခြေအမြစ်ကင်းမဲ့သည့် အစီရင်ခံစာများကို အနောက်နိုင်ငံကြီးအချို့က တရားဝင်သယောင် အားပေးချီးမြှောက်မှု၊ ဆုလာဘ်ချီးမြှင့်မှု၊ သိဒ္ဓိတင်ပေးမှု များကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေကြခြင်းသည် ပြည်ထောင်စုကြီး အတွက် အလွန်ပင်အန္တရာယ်ကြီးကြောင်း။

မိမိတို့နိုင်ငံအတွင်းမှာ တွေ့ဆုံဆွေးနွေးရေးလုပ်ရန်ဆိုပြီး တစာစာ တောင်းဆိုနေသော်လည်း မိမိတို့တိုင်းရင်းသားအများစု တွေ့ဆုံညှိနှိုင်းဆွေးနွေးမှု များလုပ်နေသည့် အမျိုးသားညီလာခံကြီးကို ဖျက်လိုဖျက်ဆီးနဲ့ နှောင့်ယှက်နေ သည့်၊ အမှန်တကယ် အမျိုးသားစည်းလုံးညီညွတ်မှုကိုမလိုလားသည့် စရိုက် အစစ်အမှန်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရရှိထားပြီး တည်ငြိမ်အေးချမ်းသာယာမှု အကျိုးရလဒ်ကောင်း များ မပျက်ပြားစေရန် ရရှိလတ္တံ့သော ငြိမ်းချမ်းသာယာမှု အခြေခံကောင်းများ မပြိုပျက်သွားစေရန် မိမိတို့တိုင်းရင်းသားလူမျိုးများအားလုံးက အသွင် အမျိုးမျိုးနှင့်ဝင်ရောက်လာနေသည့် သွေးခွဲသပ်လျှိုမှုအဖုံဖုံကို အမျိုးသားရေး သတိနှင့် ရှောင်ရှားကြရန်လိုအပ်ကြောင်း။

တိုင်းရင်းသားလူမျိုးများအချင်းချင်း သွေးခွဲသပ်လျှိုနိုင်ရန်အတွက် အဖျက် အမှောင့်သမားများက နိုင်ငံရေးပယောဂစွက်ဖက်ပြီး မလျော်မကန်အသုံးချနေ သည့် မူးယစ်ဆေးဝါး၊ HIV/AIDS၊ လူကုန်ကူးမှုဆိုသည့် ပြဿနာများသည် မိမိတို့တစ်နိုင်ငံတည်းမှာသာမက အခြားသော နိုင်ငံအချို့မှာပါ ဖြစ်ပွားနေ သည့်ပြဿနာများဖြစ်ကြောင်း၊ ယင်းတို့ကို ပုံကြီးချဲ့လုပ်ကြံပြီး နိုင်ငံရေး တိုက်ကွက်တစ်ခုအဖြစ် အသုံးပြုနေခြင်းသည် မရိုးသားသည့် လုပ်ရပ်၊ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းအောင်လုပ်နေသည့် သစ္စာမဲ့သည့် လုပ်ရပ်များဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ဆရာမတို့အနေနှင့် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို နိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများ အပေါ် အပြုသဘောရှုမြင်နိုင်အောင်၊ လောကဓမ္မတာချွတ်ချော်ချို့ယွင်းမှုမျိုး အပေါ် အပျက်သဘောဇာချဲ့ထားသည့် ပုံရိပ်ဆိုးများအဖြစ် မဖန်တီးမိအောင်၊ နိုင်ငံတော်၏ကြည်လင်ခိုင်မာသည့် အနာဂတ်အပေါ် မျှော်လင့်ယုံကြည်အားထားမှုနှင့်တကွ ပြည်သူ့အကျိုးအတွက် တက်ကြွနိုးကြားလာအောင်၊ ခြုံပြီးပြောရလျှင် နိုင်ငံ အတွက် အကျိုးရှိထိုက်တန်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် အထူးဂရုပြုပဲ့ပြင်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း၊အထူးသဖြင့် မူးယစ်ဆေးဝါးအန္တရာယ်၊ HIV/AIDS အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်တို့၏ သားကောင်များအဖြစ် မိမိတို့၏ တပည့်လူငယ်များ ကျရောက်မသွားစေရအောင်သာမက ယင်းအန္တရာယ် ဆိုးများကို မလျော်မကန်အသုံးချနေကြသည့် နိုင်ငံရေး အချောင်သမားများ၏ သားကောင်များအဖြစ်ပါ ကျရောက် မသွားစေရအောင် ဆုံးမပဲ့ပြင်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

လူမှုရေးကရုဏာလုပ်ငန်းများကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ပြီး အမှန်တကယ် လုပ်ဆောင်နေကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စသည့် လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ငန်းများသည် စိတ်စေတနာသန့်သန့်၊ လိပ်ပြာသန့်သန့် ပါဝင်ဆောင်ရွက် နိုင်သည့် လုပ်ငန်းများဖြစ် သည်နှင့်အညီ မိမိတို့ကိုယ်တိုင် သာမက မိမိတို့၏တပည့်လူငယ်များပါ ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် စည်းရုံးဦးဆောင်ပေးကြပါဟု လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံ၊မိမိလူမျိုး၏ သမိုင်းကြောင်းအစဉ်အလာများ၊ သမိုင်းကပေးသည့် သင်ခန်းစာများ၊ လက်ရှိပကတိအခြေအနေမှန်များနှင့် အနာဂတ် အလားအလာများ၊ ဒေသတွင်းနှင့်နိုင်ငံတကာ ဖြစ်စဉ် ဖြစ်ရပ်များအပေါ်မှာ ဆန်းစစ်သုံးသပ်ပြီး မိမိ နိုင်ငံ၊ မိမိလူမျိုးအကျိုးအတွက် အကောင်းဆုံးဆိုသည့် အနာဂတ်ကို တည်ဆောက်နိုင်စေရအောင် လက်တွေ့အကျ ဆုံးနည်းလမ်းများနှင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သမိုင်းဖြစ်စဉ် တစ်ဆင့်ကနေ နောက်တစ်ဆင့်ကို တက်လှမ်းကူးပြောင်း နေခြင်းလည်းဖြစ်ကြောင်း။

ယင်းသို့ တက်လှမ်းကူးပြောင်းရာမှာ စနစ်တကျနှင့် ညင်သာချောမွေ့စွာ ကူးပြောင်းသွားနိုင်စေရအောင်၊ အနာဂတ်မှာဖြစ်တည်လာမည့် ပြည်ထောင်စုကြီးကို ကမ္ဘာ တည်သရွေ့ တည်တံ့ခိုင်မြဲစေရန် အာမခံနိုင်မည့် အခြေခံ ကောင်းများ ယခုကပင် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရ အောင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံအတွက် အကောင်း ဆုံး အလျော်ကန်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အချိန်အခါ၏တောင်းဆိုမှုနှင့်အညီ နိုင်ငံတော်အစိုးရ ၏ အားထုတ်ကြိုးပမ်း ဆောင်ရွက်နေမှုကို သိရှိနားလည်ပြီး အမိနိုင်ငံတော်ကြီး သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်း နိုင်ရေးအတွက် သမိုင်းပေးတာဝန်လည်းဖြစ်သည့် ပစ္စုပ္ပန် ကာလ၏ အမွန်မြတ်ဆုံးလုပ်ငန်းတာဝန်များကို နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးအနေနှင့် ကျေပွန်စွာ ပါဝင်ထမ်းရွက်ပေး ကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယင်းသမိုင်းပေးတာဝန်ကြီးကို မြန်မာနိုင်ငံ သူ၊မြန်မာနိုင်ငံသားအားလုံး ကျေပွန်မှန်ကန်စွာ ထမ်းရွက် နိုင်ရေးအတွက် ပညာစွမ်းအားဖြင့် ပံ့ပိုးထောက်ကူပေး ကြပါဟုလည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီး ဖြတ်သန်းကျော်ဖြတ်ခဲ့ရသည့် ကိုလိုနီခေတ်နောက်ပိုင်း သမိုင်းကာလတစ်လျှောက်မှာ တည်ငြိမ်အေးချမ်းမှု အရှိဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးကာလတစ်ခုပင် ဖြစ်ကြောင်း၊ ယင်းသို့ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းမွန်နေသည့် အချိန် အခါကောင်းမှာ တိုင်းရင်းသားလူမျိုးများအားလုံးက ဦးတည်ချက်ရှိရှိ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနှင့် နိုင်ငံတော်၏ ရေ့ရေးတည်ငြိမ်ခိုင်ခံ့ရေး၊ ပြည်ထောင်စု ကြီး၏ အနာဂတ်ကြည်လင်ခိုင်မာရေးအတွက် လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြား လိုကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားမှု၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲမှု အကျိုး ရလဒ်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်မည့်အမျိုးသား ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များ တိုးပွားပေါ်ထွန်းမှုစွမ်းအားကောင်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် အမျိုးသားရေးအသိနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ–

- **မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ပညာရည် မြင့်မားမှု၊သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းအားခိုင်မာမှု၊ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရား ပြည့်ဝမှု၊ အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားမှု အမျိုးသားရေးစွမ်းအားကောင်းများကို ပညာရေး ကဏ္ဍကတစ်ဆင့် အခိုင်အမာ တည်ဆောက်ပေး ကြပါ၊**
- **နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုး တက်ရေးနှင့်လုံခြုံရေးကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ပုံဖော်ကြိုးပမ်းဆောင်ရွက်နေကြရသည့် အချိန်အခါ မျိုးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိက မောင်းနှင်အားတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အခြေခံ ဖြစ်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တို့ကို မိမိတို့၏တပည့်လူငယ်လူရွယ်များ၏ ရင်ထဲ နှလုံးထဲတွင် အစဉ်အမြဲရှင်သန်နိုးကြားနေအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါ၊**
- **ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ကြည်လင် ခိုင်မာသော အနာဂတ်ဖြစ်ပေါ်လာရေးနှင့် ပြည် ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ အတွက် တစ်မျိုးသားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက် နေသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်း ကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံ ပညာ ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် (ဒီ–၃၅)သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ နည်းပြ ဦးကျော်မျိုးလှိုင်အားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ် (ဘီ–၁၇၈) ပညာရေးဝန်ကြီး ဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှလက်ထောက်ကထိက ဒေါ်စိမ်းလဲ့အေးအား လည်းကောင်း၊ ဓွဲလုံ့လဆုကို သင်တန်းသားအမှတ်(ဒီ–၂၄) သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန် သမဝါယမဒီဂရီကောလိပ်မှ လက်ထောက်ကထိက ဦးစိုး မောင်၊ သင်တန်းသူအမှတ်(အေ–၉၆) သမဝါယမဝန်ကြီး ဌာန သမဝါယမဦးစီးဌာန သမဝါယမကောလိပ် (ဖောင်ကြီး) မှ လက်ထောက်ကထိက ဒေါ်သန်းသန်းနှင့် သင်တန်းသူအမှတ် (ဘီ–၁၃) ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ➪

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အမျိုးသမီးတပ်ခွဲ သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီကွင်း

သတင်းဆောင်းပါး၊ ဓာတ်ပုံ–
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ ဟော်ကီအားကစား တိုးတက်မြင့်မားရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်းနှင့် လေ့ကျင့်ရေးမြက်ခင်းတုကွင်းကို ပူးတွဲလှူဒါန်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်မှ လှူဒါန်းသော မြက်ခင်းတု ဟော်ကီအားကစားကွင်းသည် နိုင်ငံတကာအဆင့်မီ အလျားပေ ၃၀၀၊ အနံပေ ၁၈၀ ရှိကွင်းဖြစ်သည်။ လေ့ကျင့်ရေးကွင်းမှာ အလျား ၇၅ ပေ၊ အနံပေ ၁၈၀ ရှိသည်။ မြက်ခင်းတုဟော်ကီကွင်းကို မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်းနေရာတွင် တည်ဆောက်ခဲ့သည်။

မြက်ခင်းတု ဟော်ကီကွင်းကို ဂျာမနီနိုင်ငံ ပိုလီတန်ကုမ္ပဏီကတာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး ပိုလီတန်ကုမ္ပဏီမှ Maintenance Expert Mr. Choutas နှင့် Mr.Alexandar Kock တို့နှစ်ဦးက ဦးဆောင်၍ တည်ဆောက်နေခြင်းဖြစ်သည်။

မြက်ခင်းတုဟော်ကီကွင်း တည်ဆောက်ရာတွင် မြက်ခင်းတုနှင့် ပူးတွဲပစ္စည်းများ၊ တည်ဆောက်စရိတ်၊ ပညာရှင်စရိတ် အမေရိကန်ဒေါ်လာ ခုနစ်သိန်းနှစ်သောင်း ခန့်ကုန်ကျသည်ဟု သိရသည်။ မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က မြက်ခင်းတု ဟော်ကီကွင်း တည်ဆောကရာတွင် အောက်ခံမြေသား အမာခံခင်းကျင်းခြင်း၊ ကတ္တရာ ကွန်ကရစ် ခင်းကျင်းခြင်း၊ ပင်မရေမြောင်းကြီးနှင့် ကွင်းဘေးပတ်လည် ရေမြောင်းငယ်များနှင့် ရေဂါလန်သုံးသောင်းဆံ့ကန်အတွက် အကုန်ကျခံရသည်။

၂၀၀၅ ခုနှစ် ဇွန်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အားကစားသိပ္ပံဌာနသို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများ သွားရောက်၍ မြန်မာ့ဟော်ကီ တိုးတက်ရာ တိုးတက်

ဂျာမနီနိုင်ငံပိုလီတန်ကုမ္ပဏီမှ Maintenance Expert Mr. Choutas နှင့် စာရေးသူတွေ့ဆုံ၍ မြက်ခင်းတုဟော်ကီကွင်း တည်ဆောက်မှုနှင့် ပတ်သက်၍ မေးမြန်းစဉ်။

ကြောင်း ဆွေးနွေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ အမြင်ချင်းဖလှယ်ခြင်း၊ ပူးပေါင်းလေ့ကျင့်ခြင်းများ လုပ်ခဲ့ကြသည်။ နှစ်နိုင်ငံ ပူးပေါင်းအစီအစဉ်အရ ဟော်ကီအားကစား ဆောင်ရွက်စဉ်မှာပင်မြန်မာနိုင်ငံသို့ မြက်ခင်းတုဟော်ကီအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း တည်ဆောက်ပေးရန်နှင့် ကုန်ကျစရိတ်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက လှူဒါန်းမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အားကစားဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ မြက်ခင်းတုဟော်ကီကွင်းနှင့် လေ့ကျင့်ရေးကွင်း တည်ဆောက်လှူဒါန်းမည်ဟု တရားဝင် အကြောင်းကြားခဲ့သည်။ စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အားကစားဝန်ကြီး ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး သိမ်ဖြူဟော်ကီကွင်းရှိ မြက်ခင်းတုဟော်ကီကွင်း တည်ဆောက်မည့်နေရာကို လာရောက်ကြည့်ရှုခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ကြသည်။

အရှေ့တောင်အာရှ အာဆီယံ ၁၀ နိုင်ငံတွင် မြက်ခင်းတုရှိသော နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနိုင်ငံများ ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် တည်ဆောက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ယခု တည်ဆောက်နေသော မြက်ခင်းတုဟော်ကီကွင်းမှာ ပြီးစီးနေပြီဖြစ်ရာ မတ်လဆန်းတွင် စမ်းသပ်စစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဟော်ကီအားကစားကို ရာသီမရွေး ကစားနိုင်တော့မည်ဖြစ်၍ နိုင်ငံတကာ ဟော်ကီပြိုင်ပွဲများ၊ အာဆီယံနိုင်ငံများ၏ ဟော်ကီပြိုင်ပွဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဟော်ကီပြိုင်ပွဲများ၊ ပြည်တွင်းဖိတ်ခေါ်ပွဲများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဟော်ကီပြိုင်ပွဲများဖြင့် သိမ်ဖြူ ဟော်ကီကွင်းကြီးမှာ စည်ကား လာတော့မည်ဖြစ်သည်။ ထို့အပြင် မကြာမီအချိန်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဟော်ကီအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်တော့မည် ဖြစ်ပါသည်။ ။

မြက်ခင်းတု ဟော်ကီကွင်းသတ်မှတ်ချိန်ပြီးစီးရန် Mr. Choutas နှင့် Mr. Alexandar Kock တို့ ဆောင်ရွက်နေစဉ်။

ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနေ ဦးတင်နိုင်–ဒေါ်သင်းဆွေမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ခြောက်ထပ်ဆေးရုံအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဦးဘဉာဏ် လက်ခံရယူစဉ်။ (က–ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ဂုဏပူဇာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ် အင်းလေးဒေသမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် နိုင်ငံတော် ဇဟိုသံဃာ့ဝန်ဆောင်၊ ညောင်ရွှေမြို့နယ် မိုင်းသောက် ပထမကျောင်းစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ သုမင်္ဂလာဘိဝံသအား ရန်ကုန်ရောက်အင်းသူအင်းသားများက ဂုဏပူဇာပွဲသဘင်ကို မတ် ၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဦးဇော်ဇော် ဖုန်း–၀၉၅၂၁၁၄၀၈၊ ဦးဝင်းဆွေ ဖုန်း–၀၁–၃၈၆၇၉၃၊ ဒေါ်နီနီစန်း ဖုန်း–၀၁–၅၄၃၇၁၄၊ ၀၁–၅၀၃၁၇၆၁၊ ဒေါ်မေခိုင်ထွန်း ဖုန်း– ၀၁–၅၈၀၁၄၇၊ ဦးညိုမင်းဒင် ဖုန်း– ၀၁–၂၂၄၁၀၀ လိုင်းခွဲ (၄၄၆) သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၈လမ်းနေ ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဖြူလွင်–ဒေါ်ရှုယုံ၊ သမီး မဒွေးဒွေးဝင်း၊ မခင်သန်းဒွေး၊ မခင်ဖုန်းလွင်၊ သား–မောင်ဇော်လတ်မိသားစုတို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကွမ်းခြံကုန်း ဗုဒ္ဓကောလိပ် တန်းခွဲသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ထေရဝါဒပိဋကတ် အခြေခံဗုဒ္ဓစာပေကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချလျက်ရှိသည့် ကွမ်းခြံကုန်း ဗုဒ္ဓကောလိပ်တွင် မတ် ၃ ရက်မှစ၍ အခြေခံအင်္ဂလိပ်စာသင်တန်း တန်းခွဲသစ်များနှင့် ကွမ်းခြံကုန်း ဗုဒ္ဓကောလိပ်ကျောင်းအုပ်နှင့် အင်္ဂလိပ်စာဌာနမှူး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန အချိန်ပိုင်းပါမောက္ခ ဒေါက်တာမြင့်လှိုင် (Ph.D. E.Litt) အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမည့် အခြေခံဗုဒ္ဓဘာသာသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။

အခြေခံဗုဒ္ဓဘာသာသင်တန်းကို မတ် ၃ ရက်မှ နိုဝင်ဘာလကုန်အထိ စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ပတ်လျှင် သုံးနာရီ၊ ကိုးလ တက်ရောက် သင်ကြားရမည်ဖြစ်ပြီး သုံးလတစ်ကြိမ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအားလုံးအောင်မြင်လျှင် (Certificate in Basic Buddihism) သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ပထမကြီးတန်းအောင်မြင်ပြီးသည့် သံဃာတော်များနှင့် သီလရှင်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘွဲ့ရလူပုဂ္ဂိုလ်များသည် ကွမ်းခြံကုန်းဗုဒ္ဓကောလိပ် ဖွင့်လှစ်ထားသည့် ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ခြမ်းဒေသ ကွမ်းခြံကုန်းမြို့ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဖုန်း–၃၈၁၇၉၉၊ လိုင်းခွဲ ၂၀၈၅တွင်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး (သန့်–တည်–ပွား) အဖွဲ့က ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကိုလစဉ် ၁ရက်မှ ၇ရက်အထိ လည်းကောင်း၊ နွေရာသီ မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၆ ရက်မှစ၍ လည်းကောင်း၊ အမှတ် ၃၂၊ (စီ–၂)၊ ၆မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ် ဖုန်း–၀၁–၅၃၅၃၂၆ တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်စာရင်း ပေးသွင်းနိုင်သည်။ ဆရာဦးမြင့်လွင် (သန့်–တည်–ပွား)၏ အပယ်ပိတ် တရားဒီဗွီဒီ၊ ဗွီစီဒီအခွေအပါအဝင် အခြားတရားခွေများနှင့် တရားစာစဉ်များကို ဓမ္မဒါနပြုနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁–၃–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၅:၃၀** ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၅:၃၅** ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- **၅:၄၀** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၃၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၃၅** ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း ၁၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ)(အပိုင်း–၂၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

➪ စာမျက်နှာ ၉ မှ

ဦးစီးဌာန ထားဝယ်တက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်ဝေရီတို့အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုရ သင်တန်းသူတပ်ခွဲ အမျိုးသမီးတပ်ခွဲ(၃) အဆောင်(၁)ကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်နှင့် ဒုတိယသင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသား၊ သင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်ကိုးနဝင်းစေတီတော် တိုးချဲ့မွမ်းမံတည်ဆောက်ရန် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ အမျိုးသား ညီလာခံအား ဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက်လှူဒါန်းငွေ၊ ဖောင်ကြီးအခြေခံပညာ အထက်တန်းကျောင်းအတွက် လှူဒါန်းငွေနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၄၁၀၄၀၀ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အမျိုးသမီးတပ်ခွဲ သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀နာရီတွင် အဆိုပါ သဇင်ဆောင်ရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့်ဌာနမှူးများ၊ နည်းပြများ၊ သင်တန်းသား၊သင်တန်းသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဆိုင်းဝိုင်းအဖွဲ့နှင့် အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသမီးတပ်ခွဲ သဇင်ဆောင်ခေတ်မီနှစ်ထပ်အိပ်ဆောင်သစ် ဆောက်လုပ်မှုအခြေအနေများကို ရှင်းလင်းဖတ်ကြားတင်ပြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း) တို့က သဇင်ဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဇင်ဆောင် ခေတ်မီနှစ်ထပ်အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် တရားသူကြီးချုပ် ဦးအောင်တိုးတို့က ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သဇင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ သဇင်ဆောင်၏အရွယ်အစားမှာ အလျားပေ ၂၀၀၊ အနံ ၁၇၄ပေ၊ အမြင့် ၂၄ပေရှိပြီး အင်္ဂလိပ်အက္ခရာ(H)ပုံစံဖြစ်သည်။ အဆောင်မှာ သင်တန်းသူ ၂၀၀ဆံ့ဖြစ်ပြီး နှစ်ထပ်ဖြစ်ကာ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်။

(သတင်းစဉ်)

မဟာစည် ဓမ္မပိဟာန်အတွက် ကျပ်သိန်း ၁၀၀လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းနေ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် နာယကကြီး အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရဦးချုသန်း၊ဇနီးဒေါ်ဝင်းကြည် သားသမီးမြေးတစ်စုတို့က ကျေးဇူးရှင်ဖခင်ကြီး ဦးချုသန်း၏ (၈၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် မဟာစည် သာသနာ့ရိပ်သာကြီးတွင် တည်ဆောက်နေသော ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀ အပါအဝင် ဇီဝိတဒါန သံဃာ့ဆေးရုံ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ မဟာသန္တိသုခကျောင်း၊ ဝိသာခါကျောင်းတော်နှင့် မဟာဝိသုဒ္ဓါရုံကျောင်း စသည်တို့ကို စုစုပေါင်း ငွေကျပ် ၁၀၃ သိန်းကျော် လှူဒါန်းခဲ့သည်။ **(အပေါ်ဝဲပုံ)**

(က-ပ)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ တတိယနေ့ပြိုင်ပွဲအဖြစ်ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိစစ်သည်များ တက်ရောက်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က မျိုးချစ်ဇာနည် လေထီးစစ်သည်၊ တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက စွန့်စားရဲရင့်အောင်ပွဲဆင့်၊ မျိုးချစ်ဇာနည်၊ တူယှဉ်ကာတိုက်စို့၊ ထာဝစဉ်နှပျိုနေတဲ့တပ်မတော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက နိုင်ငံ့အကျိုးရည်မျှော် ဒို့တပ်မတော်၊ နပခစစ်သည်တော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ဒို့ရဲ့ဗမာ့တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးမြန်မာပြည်ရွာရဲသွေးရဲမာန်စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က တပ်မတော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ်၊ အောင်ပွဲရတဲ့ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ် အခမ်းအနား အလုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဒသမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်အခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ထွေးထွေးညွန့်၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ ၊ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့သည့် ယင်လုံအိမ်သာသုံး ခွက် ၁၀၀ ကို ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

အဆိုပြုလွှာ ၅၀၀၀

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၅၀၀၀ ကို ပေးအပ်ရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့သည့် ယင်လုံအိမ်သာသုံးခွက်များနှင့် သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က ဒသမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ပုဒ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအားကျန်းမာရေးပညာပေးဇာတ်လမ်းများကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ ထောက်ပံ့သည့် ယင်လုံအိမ်သာသုံးခွက်များကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

ရတနာမဥ္ဇူဓမ္မရိပ်သာ ယဉ်ကျေးမှုသင်တန်း

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂-လမ်း၊ ရတနာမဥ္ဇူဓမ္မရိပ်သာတွင် နှစ်စဉ်နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၁ရက်မှ စတင်၍ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်မည်ဖြစ်ရာ ပထမတန်းမှ ဒသမတန်းအထိ ကလေးငယ်များစာရင်းပေးသွင်းနိုင်သည်။

အလားတူ ရတနာမဥ္ဇူဓမ္မရိပ်သာတွင် ကလေး အာနာပါနသင်တန်းဖွင့်၍ အလတ်တန်းအတွက် ဧပြီ ၂ ရက်မှ ၃ ရက်အထိ၊ အကြီးတန်းအတွက် ဧပြီ ၃ ရက်ညနေမှ ၆ ရက်ညနေအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စာရင်းကြိုတင်ပေးသွင်းနိုင်သည်ဟု သိရသည်။

နည်းပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)မှ ကြီးမှူး၍ "Search Engine Fundamentals" Building and Customizing Your Own Search Engine ခေါင်းစဉ်ဖြင့် နည်းပညာဆိုင်ရာဆွေးနွေးပွဲကို လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မအဆောက်အအုံ အခန်း(၁၀၂)တွင် မတ် ၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ၃နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဦးထွန်းသူရသက်၊ ဦးဝေလင်းကျော်နှင့် ဦးဆန်းထွန်းတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ နည်းပညာကို စိတ်ဝင်စားသူ၊ အသိအမြင် အတွေ့အကြုံ ဖလှယ်လိုသူ မည်သူမဆို တက်ရောက်နားထောင် ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

သောက်သုံးရေကန်တူးဖော်၊ လက်နှိပ်တုံကင်တပ်ဆင်

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကင်းချောင်းကျေးရွာတွင် အများသုံး သောက်ရေကန်တူးဖော်ခြင်း၊ ဝင်းခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင်ခြောက်ခု တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

ရေဦးဈေးလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဈေးတောင်ဘက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ငွေပဒေသာပင်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ဝေဘာဂီ အထူးကုဆေးရုံကြီးဝင်းအတွင်း ကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဝေဘာဂီ အထူးကုဆေးရုံကြီး ငွေပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များက ဝေဘာဂီ အထူးကုဆေးရုံဝင်းအတွင်း၌ ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်း၊ စိမ်းလန်းစိုပြည်လှပရေး ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝေဘာဂီ အထူးကုဆေးရုံကြီးသို့ ငွေပဒေသာပင်လှူဒါန်းပွဲကို ကျင်းပရာအစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အလှူငွေလှူဒါန်းရခြင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အလှူငွေကျပ် နှစ်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ် မိသားစုက ကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေ ကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (ငြိမ်း) ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)၏ သားသမီး၊ မြေးမြစ်တစ်စုက ကျပ်

တစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄မြို့နယ် အလှူရှင်များကိုယ်စား ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက လှူဒါန်းငွေကျပ်သိန်းနှစ်ဆယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်စန်းစန်းအေးက ကျပ်တစ်သိန်း၊ ဒေါ်မိုးမြမြ (ဒဂုံအင်တာနေရှင်နယ်လီမိတက်)က ကျပ်ကိုးသိန်း၊ ဒေါ်ဥမ္မာလွင်မင်း(ဇာဏီကုမ္ပဏီလီမိတက်)က ကျပ်ငါးသိန်း၊ ဒေါ်ခင်လေး(Gold Power Cold)က ကျပ်သုံးသိန်း၊ ဒေါ်ခင်ရည်မွန်(Sun Myanmar)က အလှူငွေ ကျပ်တစ်သိန်း၊ ဦးဝင်းမြင့် ဒေါ်မြင့်မြင့်စန်း၊ (ရွှေနဂါးကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ ဒေါ်ဆယ်(ရွှေဆယ်ကုမ္ပဏီ)က ကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများ အသင်းက အလှူငွေ ကျပ်နှစ်သိန်းနှင့် အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးက အမှိုက်ပုံးနှင့် အမှိုက်အိတ်များကို လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းတို့ လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ဝေဒနာရှင်များအား ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်ကာ အားပေးစကားပြောကြားပြီး မြောက်ဥက္ကလာပ ရော (၄)လမ်းနှင့် ရော (၆)လမ်းအတွင်း နာတာရှည် ရောဂါဝေဒနာရှင်များထံ တစ်အိမ်တက်ဆင်း သွားရောက်၍ ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ မြောက်ဥက္ကလာပမြို့နယ် ရော(၄)လမ်းနှင့် (၆)လမ်းအတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား တစ်အိမ်တက်ဆင်းသွားရောက်၍ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။
(မြို့တော်စည်ပင်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၅)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ် ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ မီးလောင်ကျွမ်းမှုများ ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ကြံခင်းမြို့ ရွာသစ်ရပ်ကွက် သာယာကွက်သစ်ရှိ အိမ်ရှင် ဦးရဲနိုင်(ခ) ဦးတင်ဝင်းထွင့်၏ နေအိမ်၌ ဖေဖော်ဝါရီ ၂၇ ရက်နံနက် ၁၁နာရီခန့်တွင် ထမင်းအိုးတည်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀ကျော်ဖြင့် စုပေါင်းမီးငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး တဲအိမ် ၁၅လုံး မီးလောင်ကျွမ်းခဲ့ကာ လူ ၆၂ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ နမ့်ယွန်းရွာ၌ ဖေဖော်ဝါရီ ၂၃ရက် ညနေ ၃နာရီခွဲခန့်တွင် တောမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အိမ်ခြေ ၃၀ခန့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်။ မီးဘေးရှောင် မလောင်ခင်တား။

အင်တာနက် ကျန်းမာရေးသတင်း

ဆီးကျိတ်ကင်ဆာ ကုထုံးများအနက် ခွဲစိတ်ကုသနည်းက ပိုမိုကောင်းမွန်ဟုဆို

နယူးယောက် ဖေဖော်ဝါရီ ၂၈

ဆီးကျိတ်ရောဂါဖြစ်ကာစအခြေအနေတွင် လူနာများအား ကုသပေးနေသော ကုထုံးအမျိုးမျိုးအနက် အကျိုးသက်ရောက်မှုခြေအနေများ မည်သို့ရှိသည်ကို ကလိဗ်လင်းဆေးရုံမှ ဆရာဝန်များက စမ်းသပ်လေ့လာကြရာ ပြင်ပမှဓာတ်ရောင်ခြည်ပေး၍ကုသသောနည်းထက် အခြားကုသနည်းများက ပိုမိုထိရောက်မှုရှိကြောင်း တွေ့ရသည်။

နှိုင်းယှဉ်လေ့လာ

ယင်းရောဂါကို ကုသရာ၌ ပြင်ပမှဓာတ်ရောင်ခြည်ပေး၍ ကုသသောနည်း၊ ခန္ဓာကိုယ်အတွင်း ရေဒီယိုဓာတ်ရောင်ခြည်ကွဲနေသောပစ္စည်းသွင်း၍ ကုသနည်းနှင့် ခွဲစိတ်၍ ဆီးကျိတ်ကို ထုတ်ပစ်သောနည်း (၃)နည်း အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်လေ့လာသည်။

ထိုသို့လေ့လာရာ၌ ခွဲစိတ်၍ကုသသောနည်းက အကျိုးသက်ရောက်မှု အကောင်းဆုံးဖြစ်ကာ ဓာတ်ရောင်ခြည်ကွဲပစ္စည်းကို ခန္ဓာကိုယ်အတွင်းထည့်၍ ကုသသောနည်းက ဒုတိယဖြစ်ပြီး ပြင်ပဓာတ်ရောင်ခြည်ပေး၍ ကုသသောနည်းက ရလဒ်အခြေအနေအနည်းဆုံးဖြစ်ကြောင်း သိရသည်ဟု ကလိဗ်လင်းဆေးရုံမှ သုတေသီဒေါက်တာ ဂျေးစီကီးက ပြောကြားသည်။

အော်လန်ဒို၌ကျင်းပသော ဆီးကျိတ်ရောဂါကုသမှုဆိုင်ရာ ပညာရပ်ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါတွေ့ရှိချက်များကို တင်ပြခဲ့သည်။



ဆီးကျိတ် ကင်ဆာရောဂါသည်အား ခွဲစိတ်ကုသနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကလိဗ်လင်းဆေးရုံသည် ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ဆီးကျိတ်ဝေဒနာသည်ပေါင်း ၂၀၀၀တို့ကို ကုသမှုပေးခဲ့ပြီး နောက်ဆက်တွဲလေ့လာမှုများ ပြုလုပ်ခဲ့သည်။

ဆေးဝါးကုသမှုပေးပြီးနောက် လူနာများ၏ ငါးနှစ်တာ ဆက်လက်အသက်ရှင်နိုင်မှု အလားအလာအခြေအနေကို ကုထုံးကွဲပြားမှုအလိုက် နှိုင်းယှဉ်လေ့လာခဲ့သည်။ ***အင်တာနက်***

ယနေ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံမှာ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာများ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ပညာရပ်ဆိုင်ရာစွမ်းအားဖြင့် တစ်ရှိန်ထိုးမြှင့်တင်ရမည့် အချိန်အခါဖြစ်

ရရှိပြီး တည်ငြိမ်အေးချမ်းမှုများ မပျက်ပြားရန်၊ ရရှိလတ္တံ့သော ငြိမ်းချမ်းသာယာမှုများ မပြိုပျက်ရန်

တိုင်းရင်းသားအားလုံးက အသွင်အမျိုးမျိုးဖြင့်ဝင်လာသည့် သွေးခွဲသပ်လျှိုမှုအဖုံဖုံကို အမျိုးသားရေးသတိဖြင့်ရှောင်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) န၀ရတ်ခန်းမ၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ဆရာ၊ ဆရာမတို့အနေနှင့် ယခုသင်တန်းကာလတစ်လျှောက်တွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့်တကွ တစ်မျိုးသားလုံး၏ အနာဂတ်အတွက် နိုင်ငံတော်အစိုးရ၏အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆန်းစစ်လေ့လာနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းသို့လေ့လာဆန်းစစ် သိမြင်လာကြသည်နှင့်အမျှ ဆရာ၊ ဆရာမများ၏ သတိသမ္ပဇဉ်မှာ နိုင်ငံသူ၊နိုင်ငံသားတစ်ယောက်အနေနှင့် ဦးထမ်းပဲ့ထမ်းဝိုင်းဝန်းထမ်းရွက်ပေးကြရမည့် အမျိုးသားရေးတာဝန်များသည် ပြက်ပြက်ထင်ထင် ပေါ်လွင်လာခဲ့ပြီးဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

ရိုးရင်းစွဲ အမျိုးသားရေးအသိအမြင်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ နိုးကြားရှင်သန်လာမှုနှင့်အတူ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို အမျိုးသားရေးအသိနှင့်ယှဉ်ပြီး စောင့်ရှောက်မြှင့်တင်ပေးလိုသည့် စိတ်ဓာတ်နှင့် စွမ်းအားများလည်း ပိုမိုထက်သန်လာမှာ မလွဲဘူးဟု ယုံကြည်ကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋**

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြည်လင်သန့်စင်သည့် အနာဂတ်ကို ထာဝရပိုင်ဆိုင်နိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နေ

ယနေ့ နိုင်ငံတော်အစိုးရအနေနှင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အတိတ်သမိုင်း၏ဆိုးမွေတွေဖြစ်သည့် မညီညွတ် မမျှတမှုများ၊ အယူဝါဒရေး၊ တစ်ယူသန်လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး ဘက်ပြိုင်ဆန့်ကျင်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများ၊ ဆူပူသောင်းကျန်းမှု၊ မတည်ငြိမ် မအေးချမ်းမှု အနိဋ္ဌာရုံများကင်းစင်ပြီး ကြည်လင်သန့်စင်သည့် အနာဂတ်ကို ထာဝရပိုင်ဆိုင်နိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်နေ၊

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာမှာ လောကဓမ္မတာအလျောက် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကိုရော၊ စေတနာဆိုးနှင့် ဖန်တီးနေကြသည့် အဖျက်အမှောင့်၊ အနှောင့်အယှက် အမျိုးမျိုးကိုပါ ကြံ့ကြံ့ခိုင်ရင်ဆိုင်ရင်း အမျိုးသားရေးကိုသာ ရှေးရှုသည့် သန္နိဋ္ဌာန် စိတ်ဓာတ်သက်သက်ဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်၊